ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့၊ (9-8-2010) (၆၄၈၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၀ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာနာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးရွာမကွင်း၌ ကျင်းပသည့် မိုးစပါး စုပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စင်ကာပူဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၀ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များသို့ သွားရောက် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးရွာမကွင်း ကွင်းအမှတ်(၇၈) တောင်သူဦးဝင်းရွှေ၏ လယ်မြေ၌ ကျင်းပသည့် အထွက်ကောင်းမျိုးသုံးစွဲ၍ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် မိုးစပါး စုပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူဦးဝင်းရွှေ၏ လယ်မြေနှစ်ဧက၌ အထွက်ကောင်းမျိုး မော်ဘီကောက်ညှင်းမွှေးကို စိုက်နည်းစနစ်မှန်ကန်စွာ သရုပ်ပြစိုက်ပျိုးနေမှုနှင့် မြေဩဇာကြဲပက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စုပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အထွက်ကောင်းမျိုးစပါးများ စိုက်ပျိုးရေး၊ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကိုပါ ပေါင်းစပ်၍ အသုံးပြုရေး၊ စိုက်ပျိုးစရိတ်ကုန်ကျမှု၊ တစ်ဧကစပါးအထွက်နှုန်းနှင့် ရရှိသည့် ဝင်ငွေတို့ကို မေးမြန်းဆွေးနွေးပြီး မိမိတို့ရှာဖွေရရှိသည့်ငွေကို စုဆောင်းရန်၊ အဆင့်အတန်းမြင့်မြင့်နေနိုင်အောင်ကြိုးစားရန်နှင့် သားသမီးများအား အတန်းပညာပြီးဆုံးသည်အထိ ပညာသင်ကြားပေးရန် မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကလောမြို့နယ် အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံအတွင်း မျိုးစပ်၍ စမ်းသပ်စိုက်ပျိုးထားသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



၉-၈-၂၀၁၀
(တနင်္လာနေ့)

အာဆီယံဒေသ ပေါင်းစပ်ဆက်သွယ်မှုတိုးမြှင့်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ပါဝင်ပြီး ယခုအခါ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားအပါအဝင် အဖွဲ့ဝင် ၁၀ နိုင်ငံ ရှိနေပြီဖြစ်သည်။

အရှေ့တောင်အာရှ ၁၀နိုင်ငံပါဝင်သော အာဆီယံသည် သာတူညီမျှမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ရည်ရွယ်ချက်ထားရှိသည်။ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံ၍ ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်များတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ သိပ္ပံပညာနှင့် စီမံအုပ်ချုပ်မှုနယ်ပယ်များတွင် တူညီသည့်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အထောက်အကူပြုမှုများလည်း ပါဝင်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၄၃)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာတွင် **“ယခုနှစ် အာဆီယံနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော “ဈေးကွက်များကိုပေါင်းကူးခြင်းနှင့် လူထုချင်းဆက်သွယ်ခြင်း”သည် အာဆီယံ ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ အယူအဆနှင့် လိုက်လျောညီထွေဖြစ်ပါသည်။ အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပင်မစီမံကိန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အကျိုးရှိမည့်အဖြေကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟုလည်းကောင်း၊ ဒေသ၏ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားနှစ်ရပ်တို့ကို ညီညွတ်မျှတမှုရှိအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟုလည်းကောင်း ကျွန်တော်တို့အနေဖြင့် မျှော်လင့်ပါသည်”** ဟူ၍ ဖော်ပြပါရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုကို ပိုမိုမြှင့်တင်နိုင်ရေး အားထုတ်လျက်ရှိသည်။ ယခုအခါ အာဆီယံပဋိညာဉ်စာတမ်းကို ၂၀၀၈ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ပဋိညာဉ်စာတမ်းအရ အဓိကမဏ္ဍိုင်(၃)ခုဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းတို့ပါဝင်သော အာဆီယံ အသိုက်အဝန်းကို ထူထောင်သွားမည်ဖြစ်သည်။

အာဆီယံသည် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောအသွင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက် **“အသိုက်အဝန်း”**ဟူသည့် သဘောထားရည်မှန်းချက်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းနေကြပြီ။ အာဆီယံသည် စီးပွားရေးအရ တိုးတက်ရှင်သန်အောင်မြင်လျက်ရှိသည့် ဒေသတစ်ခုအဖြစ် ရှေးရှုလျက်ရှိသည်။ ဒေသ၏ သယ်ယူပို့ဆောင်ရေး၊ သတင်းနှင့် ဆက်သွယ်မှုနည်းပညာနှင့် ခရီးသွားလုပ်ငန်းတို့အတွက် ဗဟိုအချက်အချာဖြစ်လာရန် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံနိုင်ငံများသည် ဆက်စပ်တည်ရှိနေသော ပထဝီအနေအထား၊ တူညီသောရည်ရွယ်ချက်၊ မျှော်မှန်းချက်များနှင့်အတူ အာဆီယံဒေသ ပေါင်းစပ်ဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။ ။

ထာဝရဆေးပဒေသာပင်လှူဒါန်း

ကွယ်လွန်သူ ဖခင်ကြီး ဦးဝိုင်ပျော်-မိခင်ကြီး ဒေါ်တင်နှင့် ဦးမောင်မောင် (လဝက၊ တိုင်းဦးစီးမှူး၊ ပဲခူး) နှစ်နှစ်ပြည့်တို့အား ရည်စူး၍ ပြည်တော်သစ်ရိပ်သာ အောက်ပုဇွန်တောင် ရန်ကုန်မြို့နှင့် ဆရာစံလမ်း ဥဿာပဲခူးမြို့နေ ဒေါ်မြကြည် မိသားစုက ဇဗ္ဗာန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင် လက်ခံစဉ်။ (ဇီဝိတဒါန)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာကြည့်တိုက်များသို့ ငွေပဒေသာပင်ပေးအပ်လှူဒါန်းပွဲ အခမ်းအနား
တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးတက်ရောက်ပြီး လှူဒါန်းရရှိပစ္စည်းများကို လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အလှူငွေများကို ပေးအပ်လှူဒါန်း၍ အလှူရှင်များ၏ ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်စာစောင်များကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက လှူဒါန်းရရှိသည့်ပစ္စည်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်များအောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌**(အပေါ်ပုံ)** ဦးစီးဌာန၊ လုပ်ငန်းများသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကအရေးပါသည့် ဌာနများဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်ကြရန်၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း ရိုးဖြောင့်မှန်ကန်စွာ တာဝန်သိသိ သစ္စာရှိရှိဆောင်ရွက်ကြရန်၊ ဌာနတာဝန်ခံများအနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်သည်ဟူသော အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဌာနအလိုက် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြကာ ဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်ဆိုင်ရာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၈

SANTINI International Training Academy က ပြည်တွင်းပြည်ပရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping mall များ၊ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် လည်းကောင်း၊ မိမိ၏ဘဝမြင့်မားရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ် လည်းကောင်း ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ကွန်ပျူတာနည်းပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများအနက် အလုပ်အကိုင်အခွင့်အလမ်း များစွာရှိသော ဟိုတယ်သင်တန်းများအနက် ကာလတိုတစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Server, Commercial Aviation, Bartender & Arts of Mixology, Banquet Set up and Catered Events များကိုလည်းကောင်း၊ ရုံးဝန်ထမ်းများအဆင်ပြေစေရန် “ ရုံးချိန်ပြင်ပစာသင်ချိန်များ” အသွင်ဖြင့် IT သင်တန်းများအပြင် ကာလရှည်လေးလသင်တန်းဖြစ်သော Managing Front Office Operation ကို ဩဂုတ်လတွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

SANTINI International Training Academy က အထူးအစီအစဉ်အနေဖြင့် ဩဂုတ် ၁၄ရက်(စနေနေ့)တွင်Food & Beverages, Housekeeping, Front Office & IT သင်တန်းများနှင့်သက်ဆိုင်သောပညာရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပြည်ပပညာရေးဆိုင်ရာ အကြံပေးမှုများ၊ လုပ်ငန်းနယ်ပယ်သစ်၌ စိန်ခေါ်လုပ်ကိုင်လိုသူများအား သက်ဆိုင်ရာကဏ္ဍများတွင် American Hotels & Lodging Association အသိအမှတ်ပြု ပြည်တွင်းပြည်ပ လုပ်ငန်းအတွေ့အကြုံရှိသော Certified Hospitality Educator ဆရာများက မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၅ နာရီအထိ “ ယခုလက်ရှိဖြစ်ပေါ်ပြောင်းလဲနေသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း” အခမဲ့ ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး ဟောပြောပွဲကာလအတွင်း သင်တန်းအပ်နှံပါက သင်တန်းခ ၂၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၁၇၀/၁၇၆) နယူးရောဟိုတယ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ (အာလာဒင် ဂိမ်းစင်တာအနီး) Email: info@ santinitraining.com, admin@ santini- training. com, website: www. santinitraining.com ဖုန်း-၃၈၃၇၃၉၊ ၃၈၃၇၄၀ နှင့် ၂၅၆၉၃၈ ~ ၄၄သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် ဦးသန်းထွန်း (အသင်းတွဲဖက်အတွင်းရေးမှူး) မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ နာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံယူကြစဉ်။ (ကြေးမုံ)

ဝန်ကြီး ဦးအောင်သောင်း ပခုက္ကူ ဆားလင်းကြီးနှင့် မုံရွာမြို့တို့၌ စက်ရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဩဂုတ်　　၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၆ ရက် ညနေပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ(ပခုက္ကူ)သို့ရောက်ရှိပြီး အထည်ချုပ်အလုပ်ရုံ၌ အဝတ်အထည်များ ချုပ်လုပ်နေမှုနှင့် စက်ရုံမှထုတ်လုပ်သော ကျားဝတ်၊ မဝတ် ဆိုဒ်စုံ အဝတ်အထည်ဒီဇိုင်းများကို ကြည့်ရှုစစ်ဆေး၍ ပြည်တွင်းဖြစ် အဝတ်အထည်များကို သပ်ရပ်ခိုင်ခံ့လှပစွာ ပိုမိုထုတ်လုပ်ကြရန် မှာကြားခဲ့သည်။

ဝန်ကြီးသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ (ပခုက္ကူ)သို့ ရောက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများ၊ စက်များနှင့် စက်ရုံမှ ရက်လုပ်ထားသော ကုန်ချောပိတ်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက အရည်အသွေးအဆင့်မီပိတ်များ ထုတ်လုပ်နိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ပခုက္ကူ)သို့ ရောက်ရှိပြီး ပန်းရိုက်အထည်များ၊ လက်ရေးပန်းထိုးထည်များ ထုတ်လုပ်မှုနှင့် နှစ်အလိုက် တီထွင်ထုတ်လုပ်ထားသော ပန်းရိုက်အထည်များကို ကြည့်ရှုစစ်ဆေးကာ ဆေးသားခိုင်ခံ့ပြီး အဆင်ဒီဇိုင်းလှပသော အဝတ်အထည်များအဖြစ် ကြိုးစားထုတ်လုပ်ကြရန် မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ၏ မိုးနှောင်းငွေချည်(၆)ဝါ ဇကေ ၁၀၀ ၌ မြေသားပြုပြင်မှုနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရန် စီမံဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆားလင်းကြီးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး အရောင်းဆိုင်အတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သောပစ္စည်းများ ရောင်းချမှုကို ကြည့်ရှုစစ်ဆေး၍ ရောင်းကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် မှာကြားခဲ့သည်။

ယင်းနောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ဆားလင်းကြီး)သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ (မုံရွာ)နှင့် ချည်မျှင်နှင့် အထည်စက်ရုံ (မုံရွာ)စီမံကိန်း၏ လုပ်ငန်းခွင်တို့သို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်တပ်ဆင်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် မုံရွာ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ကောင်တာအလိုက် ရောင်းချမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးစပါးထွန်တုံးပိတ်

ဧရာဝတီတိုင်း မအူပင်ခရိုင် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် တမန်းနှိုးမြေဩဇာကြဲပက်ပွဲကို မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စုမှ တောင်သူ ဦးကြည်ထွန်း၏လယ်မြေ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် တမန်းနှိုးမြေဩဇာကြဲပက်ပွဲ မအူပင်ခရိုင်၌ ကျင်းပ

ရန်ကုန်　　ဩဂုတ်　　၈

ဧရာဝတီတိုင်း မအူပင်ခရိုင် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် တမန်းနှိုးမြေဩဇာကြဲပက်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု၌ကျင်းပရာ တောင်သူ ဦးကြည်ထွန်း၏လယ်မြေ၌ စုပေါင်းတမန်းနှိုး မြေဩဇာကြဲပက်ကြပြီး တောင်သူ ဦးစိုးတင့်၏လယ်မြေ၌ ကောက်စိုက်သမ ၆၀ ဖြင့် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ် စုပေါင်းကောက်စိုက်ကြသည်။

အဆိုပါ ထွန်တုံးပိတ်တမန်းနှိုးပွဲသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ ဆန်စပါးအထူးပြု ရေဝတီ စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်(မအူပင်)မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မှုခင်းကျဆင်းရေး ပညာပေး

သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၅ ရက်က မြို့မတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းအောင် မှုခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးစဉ်။ (၅၂၇)

ရေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (ဃ)ရပ်ကွက် နိဗ္ဗာန်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း၌ ကျောက်များ စုဆောင်းထားရှိမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနိုင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဝန်ကြီး ဦးညာဏ်ဝင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဩဂုတ်　　၉

၂၀၁၀ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျော့ယိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၉-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (အာဋ္ဌာနာဋိယသုတ်) ဓမ္မပူဇာတေး
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	တေးသီချင်း
၈း၃၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (မျှော်မှန်းသည့် ပန်းတိုင်စပါးအထွက်ကောက်ကွက်မှန်သည့်သော့ချက်) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတ္တာတွက်တာအလှကမ္ဘာ (လက်မှာရှိတဲ့ အရေးအကြောင်းများ)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သီဟိုဠ်သီးမှ အီသနောထုတ်ယူခြင်း)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (မူလတန်းအထက်ဆင့်မြန်မာစာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (သက်ကြီးရွယ်အိုများတွင် လိုအပ်သော အာဟာရဓာတ်များ)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၁၉) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ [နှလုံးသား၏အကျွရာ(အပိုင်း-၁)] တေးသီချင်း
၇း၄၀	ပြိုးပဒေသာ(အတွေးအမြင်+၃) နိုင်ငံရေးဦးတည်ချက်
၈း၀၀	ပြည်တွင်းသတင်း တေးသီချင်း
၈း၂၀	ချမ်းမြေ့သာယာ သီရိဂေဟာ (တေးသံရှင် Lခွန်းရီရဲ့ ဦးသောင်းထိုက်) စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၂၀	ညချမ်းချိန်ခါတေးပဒေသာ
၉း၅၉	အဖိတ်နေ့နှိုးဆော်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

ခရမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန်　　ဩဂုတ်　　၈

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပေးပို့လှူဒါန်းသော ငွေကျပ် သုံးသိန်းတန်ဖိုးရှိ (ခင်မောင်မြင့်စစ်ကိုင်း) ပြုစုတင်ပြသည့် ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ ကွပ်ကဲမှုစာအုပ် အုပ်ရေ ၁၀၀ ကို အလှူရှင်ကိုယ်စား ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေ (ခရမ်းမောင်ကြည်မော်)က ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၂၇ ဦးအထိ ရှိပြီဟုဆို

ပေကျင်း ဩဂုတ် ၈

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်စုပြည်နယ်တွင် မြေပြိုမှုများ ဖြစ်ပွားခြင်းကြောင့် သေဆုံးသူပေါင်း၁၂၇ဦးနှင့် ပျောက်ဆုံးသူ၂၀၀၀မျှရှိခဲ့ပြီး ရာပေါင်းများစွာဒဏ်ရာရရှိခဲ့ကာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေရကြောင်း သတင်းများတွင် ဖော်ပြသည်။

စနေနေ့ ည ၁၀ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြေပြိုမှုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း အာဏာပိုင်များနှင့် သတင်းဌာနများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

စေလွှတ်

ယင်းသို့ ရေလွှမ်းမိုးမှုကြောင့် မြေပြိုမှု ဖြစ်ပွားခဲ့သောနေရာသို့ ကယ်တယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် တပ်ဖွဲ့ဝင် ၂၄၀၀ကို စေလွှတ်ခဲ့ပြီး ပျောက်ဆုံးနေသူများကိုရှာဖွေလျက်ရှိကြောင်း၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ ၁၀၀ ခန့်ကလည်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် မြေပြိုသည့်ဒဏ်ကို တရုတ်နိုင်ငံသား ၅၀၀၀၀ ထက်မနည်းတွေ့ကြုံခံစားနေရကြောင်းဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။မြေပြိုမှုကြောင့် လူနေအိမ်များကို မြေများ ဖုံးအုပ်ခြင်း၊ လမ်းနှင့်တံတားများ ပျက်စီးခြင်း၊ ဆက်သွယ်ရေးပြတ်တောက်ခြင်းများအပြင်အချို့ဒေသများတွင် ရေနှင့်လျှပ်စစ်မီးပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ရာမာဒီမြို့၌ ဩဂုတ် ၈ ရက်က အသေခံ ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အခင်းဖြစ်ပွားရာနေရာအနီး ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စရေးနိုင်ငံက ပြန်လွှတ်ပေးသော ဂါဇာထောက်ပံ့ရေးသင်္ဘောများ တူရကီသို့ထွက်ခွာ

အစ္စတန်ဘူလ် ဩဂုတ် ၈

မေလအတွင်းက အစ္စရေးရေတပ်က ဖမ်းဆီးခဲ့သော ဂါဇာသို့သွားမည့် တူရကီထောက်ပံ့ရေးသင်္ဘောသည် တူရကီသို့ ပြန်လည်ထွက်ခွာခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများတွင် ဖော်ပြသည်

ထုတ်လွှင့်ပြသ

မာဗီမာမာရာအမည်ရှိ ဂါဇာထောက်ပံ့ရေးသင်္ဘော အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့ ဆိပ်ကမ်းမှ ကြာသပတေးနေ့တွင် ထွက်ခွာလာပြီး မြေထဲပင်လယ် အိုက်ဇ်ကန်ဒါရန်းဆိပ်ကမ်းသို့ စနေနေ့၌ ဆိုက်ကပ်ပုံကို တူရကီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသည်။ အစ္စရေးတို့ ပြန်လွှတ်ပေးသော အခြားတူရကီသင်္ဘောလည်း အလားတူ ဆိုက်ကပ်ခဲ့သည်။ တတိယမြောက် သင်္ဘောတစ်စင်းလည်း ရက်ပိုင်းအတွင်း ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးတို့ ပိတ်ဆို့ထားသော ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ဝင်ရောက်ရန် ကြိုးပမ်းသော သင်္ဘောအုပ်စုတွင် အဆိုပါသင်္ဘောများ ပါဝင်သည်။

မေ ၃၁ ရက်တွင် ယင်းသင်္ဘောအုပ်စုကို အစ္စရေးရေတပ်က ကြားဖြတ်တားဆီးခဲ့ပြီး မာဗီမာမာရားသင်္ဘောပေါ်မှပါလက်စတိုင်းထောက်ခံသူ ကိုးဦးသည် အစ္စရေးတပ်ဖွဲ့ဝင်များကြောင့် သေဆုံးခဲ့ရသည်။

ရိုက်တာ။

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများကြောင့် လူ ၆၀ သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၈

အီရတ်နိုင်ငံအတွင်း စစ်သွေးကြွသောင်းကျန်းသူများသည် အကြမ်းဖက်တိုက်ခိုက်မှုများကို အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိရာ ယခုရက်သတ္တပတ်ကုန်အတွင်း အီရတ်နိုင်ငံတစ်ဝန်း သေဆုံးသူ ၆၀ ရှိခဲ့ကြောင်း အီရတ်အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာဆိပ်ကမ်းမြို့တွင် ဩဂုတ် ၇ ရက်က ဖြစ်ပွားသော ပေါက်ကွဲမှုသုံးခုကြောင့် သေဆုံးသူ ၄၃ ဦး ရှိခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းပေါက်ကွဲမှုများကြောင့် ဒဏ်ရာရရှိသူ ၁၈၅ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။

ပြောကြား

ယင်းပေါက်ကွဲမှုများအနက် နှစ်ခုမှာ ကားဗုံးပေါက်ကွဲမှုများဖြစ်ပြီး ကျန်ပေါက်ကွဲမှုတစ်ခုမှာ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ကြောင်း ဘာဆရာပြည်နယ်လုံခြုံရေးကောင်စီကော်မတီ အကြီးအကဲက ပြောကြားသည်။

ခြောက်ဦးသေဆုံး

အလားတူ ဩဂုတ် ၈ ရက်က ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း အန်ဘာပြည်နယ် ရာမာဒီမြို့၌ ရဲကင်းစခန်းတစ်ခုကို အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ထုတ်ဖော်ပြောဆိုခြင်းမရှိ

ဩဂုတ် ၇ ရက်က အီရတ်နိုင်ငံမြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးအပါအဝင် လူရှစ်ဦးသေဆုံးခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ ယင်းအပြင် အီရတ်နိုင်ငံအလယ်ပိုင်း ဘာဘေးလ်ပြည်နယ်တွင် ဩဂုတ် ၇ ရက်က အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသော်လည်း သေဆုံးရခြင်းအကြောင်းရင်းကို ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

ရိုက်တာ။

ကိုလံဘီယာသမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးကောင်းမွန်ရန် လုပ်ဆောင်မည်

ဘိုဂိုတာ ဩဂုတ် ၈

ကိုလံဘီယာနိုင်ငံ၏ ၅၉ ဦးမြောက်သမ္မတအဖြစ် စနေနေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဂျူအန်မင်နျူရယ်ဆန်းတော့စ်သည် ပြည်တွင်းသူပုန်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ကိုလံဘီယာနိုင်ငံနှင့် ဆက်ဆံရေးတင်းမာလျက်ရှိသော အိမ်နီးချင်း ဗင်နီဇွဲလားနှင့် အီကွေဒေါနိုင်ငံများနှင့်လည်း ဆက်ဆံရေးပြေလည်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပေးစကားပြောကြားသည်။

ကိုလံဘီယာ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်ကို တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း ၎င်းက တက်ရောက်ခြင်းမရှိခဲ့ပေ။ အလားတူ ဗင်နီဇွဲလား၏မဟာမိတ် ဘိုလီးဗီးယားသမ္မတလည်း ယင်းအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းမရှိပေ။

တက်ရောက်

ကိုလံဘီယာ သမ္မတဂျူအန်မင်နျူရယ်ဆန်းတော့စ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ မက္ကဆီကိုသမ္မတ ဖီလစ်ပီကယ်ဒရွန်းနှင့် ဘရာဇီးသမ္မတ ဟင်နာဇီယိုလူလာဒါဆေးလ်ဗားတို့အပါအဝင် လက်တင်အမေရိကနိုင်ငံများနှင့် ကာရစ်ဘီယံဒေသ နိုင်ငံ ၁၄ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ကိုလံဘီယာနိုင်ငံ၏ ယခင်သမ္မတဟောင်းက ဗင်နီဇွဲလားနိုင်ငံအတွင်း ကိုလံဘီယာ လက်ဝဲသူပုန်များ ခိုအောင်းနေကြောင်း ပြီးခဲ့သည့်လက စွပ်စွဲပြောကြားခဲ့ပြီးနောက် ဗင်နီဇွဲလားနှင့် ကိုလံဘီယာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးပြတ်တောက်ခဲ့သည်။

အင်တာနက်။

ပါကစ္စတန်အနောက်မြောက်ပိုင်းမှ အစိုးရတပ်ဖွဲ့များ ရုပ်သိမ်းပါက တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့ ပြောကြား

အစ္စလာမ္မာဘတ် ဩဂုတ် ၈

စစ်သွေးကြွများနှင့် ဆွေးနွေးရန် တံခါးဖွင့်ထားကြောင်း ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီက ပြောကြားပြီးနောက် ပါကစ္စတန်အနောက်မြောက်ပိုင်းမှ အစိုးရတပ်ဖွဲ့ဝင်များကို အလုံးစုံ ရုပ်သိမ်းပါက တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် တာလီဘန်ခေါင်းဆောင်ပိုင်းက ဆန္ဒရှိကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန် အနောက်မြောက်ပိုင်းနှင့် လူမျိုးစုနယ်မြေများမှ ပါကစ္စတန်တပ်ဖွဲ့ဝင်များကို အကြွင်းမဲ့ရုပ်သိမ်းမှသာလျှင် စစ်သွေးကြွခေါင်းဆောင်များကပါကစ္စတန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေး လုပ်ဆောင်မည်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီသည် ဗြိတိန်နိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ပါကစ္စတန်အစိုးရသည် တာလီဘန်စစ်ကြွေးကြွများနှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း သတင်းဌာနများသို့ ပြောကြားခဲ့သည်။

သို့ရာတွင် ပါကစ္စတန်သမ္မတ၏ ပြောကြားချက်ကို အောင်မြင်မှုတစ်ခုအဖြစ် သတ်မှတ်ပြီး ပါကစ္စတန်နိုင်ငံတွင်းမှ စစ်သွေးကြွအုပ်စုများသည် ပိုမိုစုစည်းလာကြကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

အာဖဂန်နစ္စတန် အနောက်ပိုင်း ဟာရက်ပြည်နယ်တွင် ဩဂုတ် ၈ ရက်က ဖြစ်ပွားသော ဗုံးပေါက်ကွဲမှု မြင်ကွင်းကို တွေ့ရစဉ်။ *(ယင်းဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်ရဲအရာရှိ သုံးဦးနှင့် အရပ်သားတစ်ဦး သေဆုံးသည်။)* *(ဓာတ်ပုံ-အင်တာနက်)*

စစ်ဒဏ်ကြောင့် အာဖဂန်အရပ်သားသေဆုံးမှု ၂၀၁၀ ခုနှစ်အတွင်း မြင့်တက်

ကဘူး ဩဂုတ် ၈

၂၀၁၀ ခုနှစ် ပထမခုနစ်လတာအတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် အာဖဂန် အရပ်သားများ သေဆုံးမှုသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ခြောက်ရာခိုင်နှုန်း တိုးမြင့်လာကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ လူ့အခွင့်အရေးကော်မရှင်က ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

အဖဂန်လွတ်လပ်သော လူ့အခွင့်အရေးကော်မရှင်၏ မှတ်တမ်းများအရ ယခုနှစ်အတွင်း သေဆုံးခဲ့သော အာဖဂန်အရပ်သားများသည် အနည်းဆုံး ၁၃၂၅ ဦးရှိခဲ့ပြီး ၆၈ ရာခိုင်နှုန်းမှာ တာလီဘန်နှင့် ၎င်း၏မဟာမိတ်အဖွဲ့များကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၃ ရာခိုင်နှုန်းမှာ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ကိုးရာခိုင်နှုန်းမှာ စုံစမ်းစစ်ဆေးရန် မလွယ်ကူသော အလွန်အန္တရာယ်ကြီးမားသည့်ဒေသများ၌ သေဆုံးခဲ့ခြင်းဖြစ်ရာ မည်သူ့လက်ချက်ဟူ၍ ပြောကြားရန် မလွယ်ကူကြောင်း အာဖဂန် လူ့အခွင့်အရေးကော်မရှင်က ပြောကြားသည်။

ယခုနှစ်အတွင်း အာဖဂန်အရပ်သားသေဆုံးမှုအများစုသည် တာလီဘန်တို့ကြီးစိုးရာ အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဓိကအကြောင်းရင်းမှာ ဗုံးပေါက်ကွဲမှုများကြောင့်ဖြစ်ပြီး ယခုနှစ်အတွင်း ၄၂၅ ဦး သေဆုံးသည်။ ၁၂၂ ဦး အသေခံတိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၉၇ ဦးသည် လုပ်ကြံသတ်ဖြတ်မှုများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အာဖဂန် လူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အင်တာနက်။

အစ္စရေးခြိမ်းခြောက်မှုကို ကာကွယ်ရန် လက်ဘနွန်နှင့်အတူ အီရန်ရပ်တည်မည်ဟုဆို

တီဟီရန် ဩဂုတ် ၈

လက်ဘနွန် ငါးဖမ်းလှေတစ်စင်းကို အစ္စရေးတပ်ဖွဲ့များက ဩဂုတ် ၇ ရက် ညပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေး၏ ခြိမ်းခြောက်မှုကိုကာကွယ်ရန် လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့ကို အီရန်က အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ်အတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မာနူချီမော့တာကီက ပြောကြားသည်။

အီရန်၊ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံများအကြား ဆက်ဆံရေးသည် အရှည်ကြာမြင့်ခဲ့ပြီဖြစ်ပြီး အစ္စရေးနိုင်ငံ၏ စစ်ရေးအရ ခြိမ်းခြောက်မည့်အန္တရာယ်နှင့် ပတ်သက်၍လည်း အမြင်တူညီကြကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။

အီရန်အစိုးရနှင့် ပြည်သူများသည် အစ္စရေး၏ ခြိမ်းခြောက်မှုကို ကာကွယ်ရန် ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံများနှင့် အတူ လက်တွဲရပ်တည်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်နေချိန်အတွင်း အီရန်နှင့် လက်ဘနွန်နိုင်ငံခြားရေး ဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ဩဂုတ် ၇ ရက် ညပိုင်းက လက်ဘနွန်ရေပိုင်နက်အတွင်း ပြန်လှည့်ဝင်ရန် သတိပေးမှုကို မသိကျိုးကျွန်ပြုခဲ့သော လက်ဘနွန် ငါးဖမ်းလှေတစ်စင်းကို အစ္စရေးတပ်ဖွဲ့များက ပစ်ခတ်ခဲ့သည်။ ယင်းအဖြစ်အပျက်တွင် သေဆုံးဒဏ်ရာရရှိမှုများ မရှိကြောင်းသိရသည်။

အင်တာနက်။

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းရှုခင်း

အိုင်ရှာ-ကံကြမ္မာရဲ့ သားကောင်လား ဝါဒဖြန့်ဖို့ အသုံးချခံရတဲ့ သားကောင်လား

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း နိုင်ငံတကာသတင်းမျက်နှာစာမှာ အများဆုံးဖုံးလွှမ်းနေရာယူခဲ့တာကတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများပဲ ဖြစ်ပါတယ်။ လူဦးရေ ၁၄ သန်းကျော်လောက် ထိခိုက်ခံစားကြရပြီး ၂၀၀၀ နီးနီးလောက် သေကျေပျက်စီးခဲ့ရတဲ့ ပါကစ္စတန်နိုင်ငံက ရေဘေး၊ နိုင်ငံရဲ့ မြို့တော်ကြီးဖြစ်တဲ့ မော်စကိုနဲ့ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရာ ဒေသတို့ကိုပါ ခြိမ်းခြောက်နေတဲ့ ရုရှားနိုင်ငံက တောမီးဘေး၊ တရုတ်နဲ့ ဂျပန်ဒေသအချို့မှာ အပူချိန်မြင့်တက်မှု စတဲ့ သဘာဝဘေးများဖြစ်ကြပြီး ယခုသတင်းရှုခင်းရေးနေဆဲအချိန်ထိလည်း ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။

အဲဒီလို သတင်းတွေအကြားကနေ ထူးထူးခြားခြား ထိုးထွက်လာတဲ့သတင်းအချို့ကတော့ သတင်းစာဖတ်ပရိသတ်များ စိတ်ဝင်စားဖွယ်ဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။ ထူးခြားတဲ့သတင်းလေးတစ်ပုဒ်ကတော့ အာဖဂန်နစ္စတန်နိုင်ငံက အိုင်ရှာဆိုတဲ့ အမျိုးသမီးငယ်တစ်ယောက်ရဲ့ အကြောင်းပါ။ အသက်အားဖြင့် (၁၈) နှစ်သာရှိသေးပြီး ရုပ်ရည်အားဖြင့် ချောမောလှပတဲ့ အိုင်ရှာခမျာ နှိပ်စက်ညှဉ်းပန်းတတ်တဲ့ လင်ယောကျ်ားကြောင့် အလှပျက်ခဲ့ရပါတယ်။ အဝေးကို ထွက်ပြေးလို့ဆိုတဲ့ စွဲချက်နဲ့ အိုင်ရှာရဲ့ နှာခေါင်းနဲ့နားရွက်တွေကိုလင်ယောကျ်ားဖြစ်သူက ဖြတ်တောက်ပစ်ခဲ့ပြီး အဲဒီလိုပြစ်ဒဏ်ပေးဖို့အတွက် တာလီဘန်တပ်မှူးတစ်ယောက်ရဲ့ ခွင့်ပြုချက်ကို ရယူခဲ့တယ်လို့ ဆိုပါတယ်။

အရပ်စကားအရတော့ အိုင်ရှာကို သူ့မိသားစုက "သွေးကြွေး" အဖြစ်နဲ့ သူငယ်စဉ်ကတည်းက သူများကို ပေးခဲ့ရပြီး နောက်ပိုင်းမှာ တာလီဘန်တပ်သားတစ်ဦးနဲ့ လက်ထပ်ခဲ့ရတယ်လို့ ဆိုပါတယ်။ လင်ယောကျ်ားရဲ့ မိသားစုတွေကနှိပ်စက်လို့ အဝေးကိုထွက်ပြေးခဲ့ပေမယ့် သူ့ကို ပြန်ဖမ်းမိသွားခဲ့ပြီး အခုလို အဖြစ်ဆိုးနဲ့ ကြုံရတာပါ။

အငြင်းပွားဖွယ်ဖြစ်ခဲ့ရသည့် တိုင်းမ် မဂ္ဂဇင်း မျက်နှာဖုံး။

လက်ရှိအခြေအနေမှာတော့ အိုင်ရှာဟာ လူမှုရေးအဖွဲ့အစည်းများရဲ့ အကူအညီနဲ့ အမေရိကန်ကိုရောက်နေပြီး သူ့ရဲ့ ဆုံးရှုံးသွားရတဲ့ နှာခေါင်းနဲ့ နားရွက်တွေကို ပလတ်စတစ်ဆာဂျရီနည်းနဲ့ ကုစားနိုင်ဖို့ ပြင်ဆင်နေပါပြီ။

ဒီနေရာမှာ ပြောစရာတစ်ခုရှိတာကတော့ အိုင်ရှာရဲ့ ဇာတ်လမ်းကိုရှာဖွေတူးဆွပြီး မျက်နှာဖုံးသတင်းအဖြစ် တင်ခဲ့တဲ့ ကမ္ဘာကျော် TIME မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးမှာပါတဲ့ ခေါင်းစဉ်ပါပဲ။ မဂ္ဂဇင်းမျက်နှာဖုံးမှာ ချောမောလှပပေမယ့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေရှာတဲ့ အိုင်ရှာရဲ့ မျက်နှာပုံနဲ့အတူ "What Happens if We Leave Afghanistan" အာဖဂန်နစ္စတန်ကနေ တို့တွေထွက်သွားရင် ဘာတွေဖြစ်ကုန်မလဲလို့ ခေါင်းပေးထားပါတယ်။ဒါနဲ့ပတ်သက်ပြီး ဝေဖန်ငြင်းခုံမှုတွေ အများကြီးပေါ်ထွက်လာခဲ့ပါတယ်။

အာဖဂန်စစ်ဆန့်ကျင်သူ ဘလော့ဂါတစ်ယောက်ကတော့ တိုင်းမ်မဂ္ဂဇင်းရဲ့ ခေါင်းစဉ်ဟာ ခြိမ်းလုံး၊ ချောက်လုံးတွေနဲ့ လိုရာဆွဲထားတဲ့လုပ်ရပ်၊ အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်တွေ စစ်ရေးအရ ဆက်လက်ပတ်သက်နိုင်ဖို့ ဝါဒဖြန့်အမြတ်ထုတ်တဲ့ လုပ်ရပ်တစ်ခုအဖြစ် ဝေဖန်ခဲ့သလို အခြားဘလော့ဂါတစ်ယောက်ကလည်း "ဒီအဖြစ်အပျက်ဟာ နိုင်ငံတကာတပ်တွေ အာဖဂန်နစ္စတန်နိုင်ငံထဲမှာ ကျူးကျော်ဝင်ရောက်နေစဉ် ကာလအတွင်းမှာ ဖြစ်ခဲ့တာပါ။ ဒါကြောင့် ယုတ္တိဗေဒနည်းနဲ့ ကောက်ချက်ဆွဲရရင် အာဖဂန်နစ္စတန်နိုင်ငံကနေ ခင်ဗျားတို့ထွက်မသွားရင် ဒီထက်ပိုမို ဆိုးရွားတဲ့ဖြစ်ရပ်တွေ ပေါ်လာမှာ အသေအချာပါပဲ" လို့ ရေးသားထားပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

အဲမွန်ခြာ

အမေရိကန်ပြည်ထောင်စုတွင် ပလတ်စတစ်ဆာဂျရီနည်းဖြင့် နှာခေါင်းနှင့် နားရွက်များအား အစားထိုးကုသရန် ရောက်ရှိနေသည့် အိုင်ရှာ။

တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဇူလိုင် ၂၃ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ပြိုင်ပွဲဝင်အသင်းများနှင့် ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသော အားကစားသမားများအား တာဝန်ရှိသူများက အသင်းလိုက်ဒိုင်းဆု၊ ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းမှူးသည် ပထမဆုရရှိသော ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၆ ရက်တွင် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့်အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲတွင် အမျိုးသားပထမတံခွန်စိုက်ဒိုင်းဆုနှင့် ပထမတံခွန်စိုက်ဆုဖလားရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသားဘတ်စကက်ဘောအသင်းအား ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်သည်။

တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဆုရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းအား ဂုဏ်ပြုပန်းစည်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လှိုက်လှဲစွာကြိုဆို ဂုဏ်ပြုခဲ့ကြသည်။

တိုင်းမှူးသည် ဇူလိုင် ၂၇ ရက်တွင် တိုင်းခန်းမဆောင်၌ ကျင်းပသော တိုင်းစစ်ဌာနချုပ် တပ်နယ်တပ်ရင်း/တပ်ဖွဲ့ မိသားစုများ၏ ထူးချွန်ဆုများ ပေးအပ်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ တပ်မတော်(ကြည်း/ရေ/လေ) အားကစားပြိုင်ပွဲများတွင် တစ်ဦးချင်း အကောင်းဆုံးရရှိကြသော စစ်သည်များနှင့် ပညာရည်ထူးချွန်ဆုရရှိကြသောကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူးသည် ဇူလိုင် ၂၈ရက်တွင် လားရှိုးမြို့၌ ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ကလေး-ရာဇဂြိုလ်-နန်းကျင်းဆောင် လမ်းပေါ်ရှိ နန်းကျင်းဆောင်ကျေးရွာအနီး မှန်လုံချောင်း သစ်သားတံတား တည်ဆောက်နေမှုကို ဇူလိုင် ၂၇ ရက်က အမှုဆောင်အရာရှိ(လ/ထ ညွှန်ကြားရေးမှူး) ဦးလင်းထွဋ်နှင့် အင်ဂျင်နီယာမှူး ဦးငွေဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်တွင်း၊ပြည်ပ ဟိုတယ်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၈

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်း အပတ်စဉ်အသစ်ကို ဩဂုတ်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များသောF & B Service (Waiter /Waitress) ၊ Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK)နှင့် Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင်တတ်မြောက် ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဩဂုတ်လတတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀နှင့် ၀၉- ၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မင်နီဆိုတာပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်စဉ်အတွင်း အပျက်အစီးများ လွင့်စဉ်နေစဉ်။

ဩဂုတ် ၈ ရက်နောက်ဆုံးရသတင်း

မြောက်ဒါကိုတာနှင့် မင်နီဆိုတာပြည်နယ်များ၌ လေဆင်နှာမောင်းများတိုက်ခတ်

ဂရင်းဖော့ခ် ဩဂုတ် ၈

အမေရိကန်ပြည်ထောင်စု မြောက်ဒါကိုတာပြည်နယ်နှင့် မင်နီဆိုတာပြည်နယ်အနောက်ပိုင်းတွင် အင်အားပြင်း လေဆင်နှာမောင်းများတိုက်ခတ်ခဲ့ကြောင်း ဩဂုတ် ၈ ရက်သတင်းများတွင် ဖော်ပြသည်။

မင်နီဆိုတာပြည်နယ်တွင် တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် ယာတောအိမ်တစ်လုံး ပျက်စီးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ သေဆုံးဒဏ်ရာရသူရှိ၊ မရှိ မသိရသေးပေ။ ယင်းလေဆင်နှာမောင်းများသည် မြောက်ဒါကိုတာပြည်နယ်တွင် စတင်ဖြစ်ပေါ်ခဲ့ပြီး အရှေ့စူးစူးရှိ မင်နီဆိုတာပြည်နယ်ဆီသို့ ရွေ့လျားဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားမိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

ဂုဏ်ပြုဆုချီးမြှင့်

ဩဂုတ် ၇ရက်က အထက(၂)လှိုင် ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်းခြောက်ဘာသာဂုဏ်ထူးရရှိသော မလှဲ့လှဲ့ထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်က ရွှေဆွဲကြိုးနှင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း စုပေါင်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) နံနက်တွင် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန်ရုံးချုပ်တည်ရှိရာ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်း အမှတ်(၅၁)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အလှူရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရ သည်။ (ကြေးမုံ)

ဥတုရာသီ တောက်ပမိုး၏

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် မြန်မာနိုင်ငံ

မောင်အာဆီယံ

(ယမန်နေ့မှအဆက်)

ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေရေးဇုန်စာချုပ် (Zone of Peace, Freedom and Neutrality Declaration)

ဒေသငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေရေးဇုန်စာချုပ်သည် အာဆီယံ၏ ဒေသလုံခြုံ ငြိမ်းချမ်းရေးဆိုင်ရာစာချုပ်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကွာလာလမ်ပူ ကြေညာချက်အရ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ပြင်ပစွက်ဖက်မှုများ ကင်းရှင်းရေး၊ ဒေသတွင်း အင်အားစုစည်း၍ စည်းလုံးညီညွတ်စွာရပ်တည်နိုင်ရေး၊ နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးများအတွက် ရည်ရွယ်သည်။

အရှေ့တောင်အာရှနျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်စာချုပ်

(Treaty on the Southeast Asia Nuclear Weapon-Free Zone)

အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းမဲ့ရေးဇုန်စာချုပ်ကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသဘောတူညီချက်ကို နျူကလီးယား မပြန့်ပွားရေးစာချုပ် အပိုဒ်(၇) နှင့်အညီဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းစာချုပ်သည် ၁၉၉၇ ခုနှစ် မတ်လ ၂၈ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။ ယင်းစာချုပ်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဏုမြူလက်နက်များကို ထုတ်လုပ်ရန် ကြိုးပမ်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ ယင်းလက်နက်အပေါ် ထိန်းချုပ်ခြင်းများကို ပြုလုပ်ခြင်းမပြုရပါ။ အဏုမြူလက်နက်များကို လက်ခံထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်းများကိုလည်းကောင်း၊ စမ်းသပ်ခြင်းနှင့် အသုံးပြုခြင်းများကိုလည်းကောင်း မပြုလုပ်ရန် တားမြစ်ထားပါသည်။

ဘာလီကွန်ကော့ဒ်-၂ (Declaration of ASEAN Concord II)

အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သောနှစ်ပေါင်း (၄၀)အတွင်းဦးတည်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင်မူ အာဆီယံ၏ပူးပေါင်းဆောင်ရွက်မှုတွင် အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းအလှည့်အပြောင်းမှာ အာဆီယံသည် လူ့အဖွဲ့အသိုက်အဝန်းတစ်ခုအဖြစ် ပေါင်းစည်းရန်ဖြစ်ပါသည်။ ယင်းသို့ ပေါင်းစည်းမှုဖြစ်မြောက်ရန် ရည်မှန်းပြီး အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးမှ အာဆီယံကွန်ကော့ဒ်-၂ ဆိုင်ရာ ကြေညာစာတမ်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင် ထုတ်ပြန်ခဲ့လေသည်။ ယင်းကြေညာချက်တွင် အာဆီယံ အသိုက်အဝန်းကို အာဆီယံ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းတို့ဖြင့် ထူထောင်ရန်မျှော်မှန်းခဲ့ပါသည်။

လုပ်ငန်းဆောင်ရွက်မှုယန္တရားများ

အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit)

အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်သည့် အာဆီယံ၏အဆင့်မြင့်ဆုံး အစည်းအဝေးကြီးဖြစ်သည်။ အာဆီယံ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့် ကိစ္စများနှင့် ပတ်သက်၍ အာဆီယံ အမြဲတမ်းကော်မတီအစည်းအဝေး၊အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲတို့မှ ဆွေးနွေးခဲ့သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အာဆီယံဆိုင်ရာ သဘောတူညီချက်များ၊ ကြေညာချက်များနှင့် နားလည်မှုစာချွန်လွှာများနှင့် ပတ်သက်၍လည်းကောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ ခေါင်းဆောင်များမှ ဆွေးနွေးအတည်ပြုလက်မှတ်ရေးထိုးသည့် အစည်းအဝေးကြီးတစ်ခု ဖြစ်ပါသည်။ အာဆီယံ ပဋိညာဉ်စာတမ်းအရ ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပါသည်။

အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး
(ASEAN Ministerial Meeting-AMM)

အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသည် အာဆီယံအဖွဲ့၏ လုပ်ငန်းစဉ်များ ပူးပေါင်းညှိနှိုင်းကြရန်နှင့် မူဝါဒလမ်းညွှန်ချက်များအား ဆွေးနွေးပြုစုကြရန်အတွက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး၊ နှစ်စဉ်ဇူလိုင်လတွင် ကျင်းပလေ့ရှိပါသည်။ ကြားကာလတွင် သီးသန့်အစည်းအဝေးများနှင့် အလွတ်သဘောအစည်းအဝေးများလည်း ပြုလုပ်လေ့ရှိပါသည်။ အာဆီယံ ပဋိညာဉ်စာတမ်းအရ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများပါဝင်သော အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council-ACC) ကို ဖွဲ့စည်းထားပါသည်။ အဆိုပါကောင်စီသည် အာဆီယံထိပ်သီး အစည်းအဝေးများအတွက် ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ ထိပ်သီးအစည်းအဝေးမှချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာဆီယံထိပ်သီးအစည်းအဝေးမှ သတ်မှတ်ပေးသည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါသည်။

အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး
(Senior Official Meeting-SOM)

အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေးသည် အာဆီယံ အဖွဲ့အစည်း၏လုပ်ငန်းအစီအစဉ်များနှင့် နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စများကိုဆွေးနွေးသည့် အစည်းအဝေးတစ်ခုဖြစ်ပြီး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ တာဝန်ခံတင်ပြရပါသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးများကိုလည်း (SOM Working Group Meeting-SOMWG) ကို အခါအားလျော်စွာ ကျင်းပပါသည်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံး(ASEAN Secretariat)

အာဆီယံ၏လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အတွင်းရေးမှူးချုပ်ရုံးကို တည်ထောင်ထားရှိပါသည်။ ဖွဲ့စည်းပုံအရ အတွင်းရေးမှူးချုပ်ကို ဝန်ကြီးအဆင့် သတ်မှတ်ပြီး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၏ ထောက်ခံချက်အရ အာဆီယံခေါင်းဆောင်များက (၅)နှစ်တာသက်တမ်းအတွက် အတည်ပြု ခန့်အပ်ပါသည်။ အတွင်းရေးမှူးချုပ်ကို ဒုတိယအတွင်းရေးမှူးချုပ် လေးဦးက အထောက်အကူပြုပြီး ဒုတိယအတွင်းရေးမှူးချုပ် နှစ်ဦးကို အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျ ခန့်ပါသည်။ ကျန်နှစ်ဦးကို သုံးနှစ်သက်တမ်း(အများဆုံး-နှစ်ကြိမ်) အတွက် တတ်မြောက်ကျွမ်းကျင်မှုအရ လွတ်လပ်စွာ ရွေးချယ်ခန့်ထားပါသည်။

ထို့အပြင် ပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံး တည်ရှိရာ ဂျကာတာမြို့တွင် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံဆီမှ သံအမတ်ကြီးအဆင့်ရှိ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးစီပါဝင်သည့် အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ (Committee of Permanent Representatives-CPR) တစ်ရပ်ကိုဖွဲ့စည်းထားပါသည်။ အဆိုပါကော်မတီသည် အာဆီယံအသိုက်အဝန်းကောင်စီနှင့် အာဆီယံအခြားဝန်ကြီးများအဆင့်ဆိုင်ရာ လုပ်ငန်းရပ်များအား အထောက်အကူပြုခြင်း၊ အာဆီယံအမျိုးသားအတွင်းရေးမှူးရုံးများနှင့်အာဆီယံအခြားဝန်ကြီးများဆိုင်ရာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုပေးခြင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။

အာဆီယံဥက္ကဋ္ဌ

အာဆီယံဥက္ကဋ္ဌရာထူးကို အဖွဲ့ဝင်နိုင်ငံအမည်များ၏အင်္ဂလိပ်အက္ခရာစဉ်အတိုင်း နှစ်စဉ် အလှည့်ကျ ဆောင်ရွက်ရန်ဖြစ်ပါသည်။ အာဆီယံသည် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်းတွင် တစ်ခုတည်းသော ဥက္ကဋ္ဌရာထူးရှိရမည်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်သည့်နိုင်ငံက အောက်ပါအစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်-

(က) အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၊

(ခ) အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊

(ဂ) အာဆီယံ အသိုက်အဝန်းကောင်စီ(၃)ရပ်၊

(ဃ) သင့်လျော်သည့်ကိစ္စတွင် သက်ဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊

(င) အမြဲတမ်းကိုယ်စားလှယ်များကော်မတီ။

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အဖွဲ့ဝင်နိုင်ငံသည်-

(က) မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်း၊ တူညီဆန္ဒရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးကြိုးပမ်းမှုများ အပါအဝင် အာဆီယံ၏ အကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ခ) ပြင်ပမိတ်ဆွေများနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ခိုင်မာတိုးတက်စေရန်ဆောင်ရွက်ရာတွင် အာဆီယံကို ကိုယ်စားပြုဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဗီယက်နမ်နိုင်ငံက တာဝန်ယူလျက်ရှိပါသည်။

အာဆီယံနှင့် မြန်မာ

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် စတင်ထူထောင်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် အာဆီယံအသင်းဝင်ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်ဖြစ်ခြင်းမပြုမီကပင် ၁၉၉၅ခုနှစ် ဇူလိုင်လတွင် အာဆီယံ၏ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းအရှေ့တောင်အာရှဒေသချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သည် အာဆီယံအသင်းကြီး၏ အရေးပါဆုံး စာချုပ်တစ်ရပ်ဖြစ်သဖြင့် အဆိုပါစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအသင်း၏ လေ့လာသူအဖြစ် ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းဝင်မဖြစ်မီက ပါဝင်ချုပ်ဆိုခဲ့သော အခြားစာချုပ်တစ်ရပ်မှာ အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်ဖြစ်ပါသည်။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ပဉ္စမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးနှင့်တစ်ဆက်တည်းကျင်းပသော အရှေ့တောင်အာရှဒေသ (၁၀)နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် အဆိုပါစာချုပ်ကို အရှေ့တောင်အာရှဒေသ၏ (၁၀)နိုင်ငံခေါင်းဆောင်တို့က လက်မှတ်ရေးထိုးချုပ်ဆိုကြရာ မြန်မာနိုင်ငံမှလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် အာဆီယံလုပ်ငန်းကဏ္ဍအသီးသီးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လာခဲ့ရာတွင် နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးဘက်စုံလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

အာဆီယံသည် ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် ရည်မှန်းလျက် မဏ္ဍိုင်ကြီး(၃)ခုဖြစ်သော အာဆီယံလုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းတို့ကို အာဆီယံ ပဋိညာဉ်စာတမ်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အခြားအာဆီယံ မိသားစုဝင်နိုင်ငံများနှင့်အတူ ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

အာဆီယံသည် ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် ရည်မှန်းလျက် မဏ္ဍိုင်ကြီး(၃)ခုဖြစ်သော အာဆီယံလုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းတို့ကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အခြားအာဆီယံမိသားစုဝင် နိုင်ငံများနှင့်အတူ ရည်မှန်းချက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

ဝန်ကြီး ဦးအောင်ကြည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ လုပ်သားထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၈

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဇန်းမော်အတွင်းဝန်လမ်းရှိ လူမှုဖူလုံရေးဆေးခန်း တိုးချဲ့ဆောင် ဖွင့်လှစ်သည့်အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယုလွင်အောင်နှင့် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်တို့က လူမှုဖူလုံရေးဆေးခန်း တိုးချဲ့ဆောင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီက ဆေးခန်းအတွက် ဆေးခန်းသုံးပစ္စည်းများကို လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး စက်ရုံဆေးခန်းအတွင်း ကြည့်ရှုစစ်ဆေး၍ ဆေးခန်းသို့ လာရောက်ပြသကြသော စက်ရုံလုပ်သားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန်(၂) ဆိပ်ကမ်းသာလမ်းရှိ "ချားမင်း" အထည်ချုပ်စက်ရုံသို့ သွားရောက်၍ လုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းနောက် စက်ရုံရှိ လုပ်သားများအတွက် ဖွင့်လှစ်ထားသော ဆေးခန်း၌ လိုအပ်သည့် ဆေးဝါးများကို လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌက စက်ရုံဆေးခန်း တာဝန်ခံဆရာဝန်ထံ ဖြည့်တင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ တီဘီရောဂါကုဆေးရုံကြီး (ထန်းတပင်) သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော အာမခံလုပ်သားများအား အားပေးစကားပြောကြားကာ ဆေးရုံတက်ရောက်နေစဉ်အတွင်း အာမခံလုပ်သားများ ရသင့်ရထိုက်သော အကျိုးခံစားခွင့်များရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း ကူးစက်ရောဂါ ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် လူမှုဖူလုံရေးအဖွဲ့ တီဘီရောဂါကု ဆေးရုံကြီး (ထန်းတပင်)၌ တက်ရောက်ကုသနေသော အာမခံလုပ်သား တစ်ဦးအား အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

မစ္စတာ ဟိုဆေး အန်တိုနီယို ရူးဇ် ဘလန်ကိုအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုဆေး အန်တိုနီယို ရူးဇ် ဘလန်ကိုအား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဟိုဆေး အန်တိုနီယို ရူးဇ် ဘလန်ကိုသည် ၁၉၈၀ ခုနှစ် မေလ ၁၆ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်တက္ကသိုလ်မှ ကုန်စည်အရောင်းစီမံခန့်ခွဲမှု ဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရရှိခဲ့ပြီး ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဂရူပိုဟာရာရီကုမ္ပဏီ၌ အထွေထွေမန်နေဂျာအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ လက်ရှိအချိန်အထိ ဂျာကိုအက်စ်အေ ကုမ္ပဏီပိုင်ရှင်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဘာရေလက်ကို အက်စ်အေ ကုမ္ပဏီ၏ အထွေထွေမန်နေဂျာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။

ယခုအခါ မစ္စတာ ဟိုဆေး အန်တိုနီယို ရူးဇ် ဘလန်ကိုသည် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး စင်ကာပူမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်မည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၈-၂၀၁၀ (တနင်္လာနေ့)

[၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၄)ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ "လူနတ်နှစ်လီတစ်ရစ်စီ ရွှေနတ်တောင်စေတီ"
- ၈း၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၂၅ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဋ္ဌမအကြိမ်၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက(၁)မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၀၀ ၇။ "ကဏ္ဍစုံလင်အားကစားအစီအစဉ်"
- ၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . ကိုယ့်ချစ်သူ" (အပိုင်း-၆)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ဒီမိုကရေစီခေတ်တည်ဟန် (မေအိမ့်ဒါလီမွန်၊ တေးရေး-တက္ကသိုလ်မြတ်သူ)
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၁၆)**
- ၁၈။ "သုခုမရင်ပြင်"
- ၁၉။ အစီအစဉ်ပြီး၏။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် ဩဂုတ် ၈

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၃၀) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "စားသုံးဆီဆိုတိုင်းစာသုံးဖို့မသင့်၊ ပုံးဝါဆီနှင့် အချို့ဆီများ ဆီဟောင်းကို ပြန်လည်သန့်စင်ထားခြင်းဖြစ်၊ ကျန်းမာရေးထိခိုက်နိုင်သည့် ဆီအချို့ ဈေးကွက်ထဲမှဖယ်ရှား" မျက်နှာဖုံးဆောင်းပါး၊ "မိခင်နှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး ထိထိရောက်ရောက်အသိပညာပေး"၊ ထုတ်ဝေသူ၊ ပုံနှိပ်သူနှင့် ဖြန့်ချိသူ မြစ်ကြီးသုံးသွယ်ပေါင်းစည်းညီညွတ်လက်တွဲကြိုးပမ်းလျှင် လုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်မည်"၊ "ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့် အဆင့်မြင့်ကြိုတင်အားဖြည့်ဖိုင်ဘာပိုက် မြေအောက်လိုင်းများ စတင်ဆက်သွယ်နေပြီ" စသည့်မျက်နှာဖုံးသတင်းများ၊ မောင်စူးစမ်း၊ မောင်ဝံသ၊ ကြည်ခင်၊ ဒေါက်တာသက်လွင်၊ ဘုံတောင်မြေနေဦးခက်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စောရွှေသန်း(အလုံ)၏ "ပြောရေးဆိုခွင့်ရှိသူများ"၊ မောင်မောင်စိုး၏ "စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ (အမျိုးသားဒီမိုကရေစီအင်အားစု)"နှင့် "အမျိုးသားဒီမိုကရေစီ အင်အားစုမှ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ဦးစိန်လှဦးနှင့် တွေ့ဆုံခြင်း" ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာ အားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များစသည့် ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် "လတ်တလောအပြောင်းအလဲကြောင့် ကျွမ်းကျင်ဘဏ်ဝန်ထမ်းများ လိုအပ်"၊ "မြန်မာ့နီကယ်သတ္တုထုတ်လုပ်ရေး၌ ကမ္ဘာ့အကြီးဆုံးစတီးကုမ္ပဏီ ဒေါ်လာသန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည်၊ တစ်နှစ်လျှင် တန်ချိန် ၈၅၀၀၀ ထုတ်လုပ်မည်"၊ "လာမည့်ပွင့်လင်းရာသီတွင် ယခင်နှစ်များကထက် လျှပ်စစ်ဓာတ်အားတိုးမြှင့်ရဖွယ်ရှိ"၊ "ဇူလိုင်လကုန်အထိ စည်းကမ်းဖောက်ဖျက်သည့်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၁၂ ဦးထုတ်ပယ်"၊ "မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်းကြေညာချက်နှင့်ပတ်သက်၍ မျိုးစန္ဒီကျော်က ပြန်လည်ဖြေရှင်းပြောကြား" စသည့် စိတ်ဝင်စားဖွယ် သတင်းများ ပါရှိသည်။

(သတင်းစဉ်)

Chigo Aircon အရောင်းဆိုင်ရှင်များအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

Myanmar Classic Group Co., Ltd. ၏ နှစ်ပတ်လည် ညစာစားပွဲနှင့် အရောင်းဆိုင်ရှင်များအား ဂုဏ်ပြုပွဲကို ယမန်နေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Gaungdong Chigo Aircon Co., Ltd. မှ President and CEO of Chigo Mr. Li Xinghao က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Myanmar Classic Group Co., Ltd. မှ ဒါရိုက်တာ ဦးနေမျိုးအောင်က Chigo Airconditioner နှင့် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

Myanmar Classic Group Co., Ltd. ၏ နှစ်ပတ်လည် ညစာစားပွဲနှင့် အရောင်းဆိုင်ရှင်များအား ဂုဏ်ပြုပွဲတွင် တာဝန်ရှိသူတစ်ဦးက တစ်နှစ်အတွင်း ရောင်းအားအကောင်းဆုံး ဆိုင်ရှင်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။

(သတင်းစဉ်)

ဂုဏ်ပြုဆုပေး

ထို့နောက် တာဝန်ရှိသူများက တစ်နှစ်အတွင်း ရောင်းအားအကောင်းဆုံး ဆိုင်များနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

Gaungdong Chigo Aircon Co., Ltd. သည် Chigo Aircon တစ်မျိုးတည်းကိုသာ အထူးထုတ်လုပ်၍ ကမ္ဘာအနှံ့ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် တရုတ်နိုင်ငံမှ နာမည်ကြီး Aircon ကုမ္ပဏီဖြစ်ပြီး Myanmar Classic Group Co., Ltd. သည် အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး Aircon မျိုးစုံကို မြန်မာနိုင်ငံ၌ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်း ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီဖြစ်သည်။

သုံးသူနှစ်ခြိုက်

Chigo Aircon ကို ဈေးနှုန်းသင့်တင့်မျှတခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ အပိုပစ္စည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းတို့ကြောင့် သုံးစွဲသူများ နှစ်ခြိုက်ကြကြောင်း သိရှိရသည်။

Chigo Aircon မျိုးစုံကို အာမခံကာလသုံးနှစ်ပေးထားပြီး ပထမ တစ်နှစ်အတွင်း ပစ္စည်းဖိုးလက်ခ အခမဲ့၊ ကျန်နှစ်နှစ်တွင် လက်ခအခမဲ့ဖြင့် သုံးစွဲသူများ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Warranty ကာလကျော်လွန်သွားသော Aircon များကိုလည်း လိုအပ်သော အစိတ်အပိုင်းများ အလွယ်တကူရရှိနိုင်အောင် စီမံထားကြောင်း၊ Myanmar Classic Group Co., Ltd. က တင်သွင်းရောင်းချလျက်ရှိသော Aircon မျိုးစုံကို ဆက်သွယ်ဝယ်ယူလိုပါက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ရုံးချုပ် အမှတ်(၂၁၆) မြေညီထပ် (၃၈)လမ်း (အပေါ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၃၄၇၂၊ ၇၀၅၀၆၀၊ ၀၉-၅၀၆၆၉၃၉ နှင့် ၀၉-၅၁၇၆၇၈၉ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးများ
မဲရုံတာဝန် လုပ်ငန်းသင်တန်းဖွင့်

မိတ္ထီလာ ဩဂုတ် ၈

မိတ္ထီလာမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒုမဲရုံမှူးများ မဲရုံတာဝန်လုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒေါက်တာ မျိုးသန်းနှင့် မိတ္ထီလာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)** ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းက လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းပုံ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲ နည်းဥပဒေများ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲလုပ်ငန်း လမ်းညွှန်၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသိုက်ထွန်းက မဲရုံကို လက်တွေ့သရုပ်ပြသသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဖွင့်လှစ်ပို့ချခဲ့ရာ မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းသား စုစုပေါင်း ၅၅၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ (၀၇၈)

ဒေသနှင့်ကိုက်ညီသည့် သီးနှံ မျိုးကောင်းမျိုးသန့်များကို အသုံးပြု မျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်

◆ **ရွှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီမဏ္ဍပ် ခင်းကျင်းပြသထားသည့် တောင်သူမိတ်ဆွေပိုးများနှင့် စပါးဖျက်ပိုးနမူနာများ၊ စပါးရောဂါနမူနာများ၊ ဒေသမှထွက်ရှိသည့် ရွှေရင်အေး၊ ရေဆင်းလုံးသွယ်၊ ခေါက်နန်းခမ်း၊ ကုန်းမြင့်(၂) စသည့် စပါးမျိုးများနှင့် မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံများကို လည်းကောင်း၊ တီကျစ်စာ မွေးမြူထုတ်လုပ်ခြင်း၊ တီကျစ်စာမြေဆွေးနှင့် တီစွန့်ပစ်မြေသြဇာအရည် စသည့် သဘာဝမြေသြဇာ ထုတ်လုပ်မှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

သုတေသနခြံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကလောမြို့နယ် အောင်ပန်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိကြသည်။

သုတေသနရလဒ်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဒေါ်ခိုင်ခိုင်ဦးက အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံမှ သုတေသနပြု စိုက်ပျိုးသည့် အမိကသီးနှံများနှင့် စပ်လျဉ်း၍ သီးနှံတစ်မျိုးစီအလိုက် ထွက်ရှိသော သုတေသနရလဒ်များကို ရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သုတေသနခြံခန်းမ၌ ခြံတာဝန်ခံ ဒေါ်ခိုင်ခိုင်ဦးက အောင်ပန်းသုတေသနခြံမှ အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ပဲပုပ်၊ ပဲစင်းငုံ၊ မြေထောက်ပဲနှင့် ဆီထွက်သီးနှံ(နေကြာ) စသည်တို့ကို သုတေသနလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးဌေးဦးနှင့် ဝန်ကြီး ဦးတင်နိုင်သိန်းတို့က ဒေသနှင့်ကိုက်ညီ၍ အထွက်ကောင်းသော အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ သီးနှံ မျိုးကောင်းမျိုးသန့်များနှင့် စိုက်နည်းစနစ်တို့ကို တောင်သူများထံသို့ ဖြန့်ဖြူးမှုအခြေအနေ၊ ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဒေသခံ တောင်သူများ သီးနှံအထွက်တိုး၍ ဝင်ငွေပိုမို မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က

တွေ့ဆုံမှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပင်းတယမြို့နယ် ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာအုပ်စု တောင်လေးလုံးရွာမကွင်း ကွင်းအမှတ်(၇၈) တောင်သူ ဦးဝင်းရွှေ၏ လယ်မြေ၌ အထွက်ကောင်းမျိုး သုံးစွဲ၍ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် မိုးစပါး စုပေါင်းကောက်စိုက် သရုပ်ပြပွဲကျင်းပစဉ်။ (သတင်းစဉ်)

အလုံဓာတ်အားပေးစက်ရုံနှင့် လှိုင်မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် စစ်ဆေး

ရန်ကုန် ဩဂုတ် ၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ လှိုင်သာယာ-အလုံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဝန်ကြီးအား ရှင်းလင်းဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းက လှိုင်သာယာ-အလုံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော် တာဝါတိုင် လိုင်းအူကြောင်း အခြေအနေနှင့် (230/66/11)KV၊ (200)MVA အလုံဓာတ်အားခွဲရုံ တည်ဆောက်မည့် အခြေအနေတို့ကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးဦးက RCS-2 ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် လှိုင်သာယာ-အလုံ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော်တာဝါတိုင် (RCS-2) River Crossing Suspension No-2 သို့ ရောက်ရှိပြီး Bored Pile တူးခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ စက်ရုံအတွင်း သဘာဝဓာတ်ငွေ့သုံး အမှတ်(၂) တာဘိုင်စက် အပြီးသတ်တပ်ဆင်ပြီးစီးမှုကို လည်းကောင်း၊ လှိုင်သာယာ-အလုံ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော် တာဝါတိုင် (RCT-2) River Crossing Tension No-2 ဖောင်ဒေးရှင်း တည်ဆောက်မည့်နေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

BCB Centre မှ စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၈

စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း Business Capacity Building(BCB) Centre က စီးပွားရေး စီမံခန့်ခွဲမှုသင်တန်း အပိုင်း (၁) Business Management Course (Part-I) သင်တန်းကို ဩဂုတ် ၁၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း၌ Principles of Management, Account Knowledge for Managers, Marketing Management, Framework of Business Management, Entrepreneurship & SME Management and Production & Operations Management ဟူသည့် ဘာသာရပ်ခြောက်ခုကို Assignments ပေးခြင်း၊ အဖွဲ့လိုက် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးခြင်း၊ Marketing Plan နှင့် Business Plan များကို နားလည်သဘောပေါက်စေရန် စနစ်တကျ သင်ကြားပေးပြီး အဖွဲ့အလိုက် Presentation ပြုလုပ်ခြင်း ဆောင်ရွက်မည်ဖြစ်သည်။

သင်တန်း တက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်ပြီး သင်ကြားသည့် ဘာသာရပ်များနှင့်ဆိုင်သော Website များလေ့လာရန် Internet အခမဲ့သုံးစွဲခွင့်ပေးမည်ဖြစ်ကာ သင်တန်းသားများလေ့လာရန် လိုအပ်သော Reference စာအုပ်များကို Library ၌ ထားရှိပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်ကို မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ စနေနှင့် တနင်္ဂနွေနေ့များတွင် စီစဉ်ထားသည်။ သင်ကြားမှုထိရောက်စေရန် သင်တန်းသားဦးရေကိုလည်း ကန့်သတ်ထားသည်။

အလားတူ Understanding Bank Management & Financial Services သင်တန်းကို ဩဂုတ် ၁၀ ရက်မှ စတင်၍ အင်္ဂါနေ့မှ သောကြာနေ့ လေးရက် ညနေပိုင်း ရုံးချိန်ပြင်ပတွင် ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းတွင် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဈေးကွက်များ (Bank Management and Stock Market) နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ နိုင်ငံတကာ ဘဏ်လုပ်ငန်း (International Banking)၊ ဘဏ်ဥပဒေသများ (Banking Law)၊ ဘဏ်တစ်ခုစီ၏ စွမ်းဆောင်မှုကို လေ့လာစိစစ်ခြင်း (Understanding Bank Performance)၊ ငွေကြေးနှင့် Risk စီမံခန့်ခွဲခြင်း(Fund and Risk Management) စသည်တို့နှင့် Basic Knowledge of Microfinance and Islamic Finance, Online Security Management အကြောင်းလည်း သင်ကြားပို့ချမည်ဖြစ်သည်။



နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ကလောမြို့နယ် အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်သူများ သီးနှံအထွက်တိုး၍ ဝင်ငွေပိုမို မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့်များကို တောင်သူများက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် သုတေသနလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို အသေးစိတ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းသုတေသနခြံအတွင်း မျိုးစပ်၍ စမ်းသပ်စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများနှင့် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပင်းတယမြို့နယ်ဆေးရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ ပင်းတယမြို့နယ်အတွင်း အဖြစ်များသည့် ရောဂါများအခြေအနေ၊ ဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှု ခံယူမှုအခြေအနေနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး ပြည်သူများအား ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပညာပေးဆွေးနွေးရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်းတယဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှု၍ အားပေးစကား ပြောကြားကာ ဆေးရုံ၏ခွဲစိတ်ခန်း၊ ဆေးစတိုခန်းများအတွင်း ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ ညနေပိုင်းတွင် ကလောမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

...တောင်လေးလုံး ကျေးရွာအုပ်စု တောင် ...(၇၈) တောင်သူ ဦးဝင်းရွှေ၏ လယ်မြေ ... စိုက်နည်းစနစ် မှန်ကန်စွာဖြင့် မိုးစပါး ...ပြပွဲကျင်းပစဉ်။ (သတင်းစဉ်)

Market) နှင့် ပတ်သက်သည့် အခြေခံ အချက်အလက်များ၊ နိုင်ငံတကာ ဘဏ်လုပ်ငန်း (International Banking)၊ ဘဏ်ဥပဒေသများ (Banking Law)၊ ဘဏ်တစ်ခုစီ၏ စွမ်းဆောင်မှုကို လေ့လာစိစစ်ခြင်း (Understanding Bank Performance)၊ ငွေကြေးနှင့် Risk စီမံခန့်ခွဲခြင်း(Fund and Risk Management) စသည်တို့နှင့် Basic Knowledge of Microfinance and Islamic Finance, Online Security Management အကြောင်းလည်း သင်ကြားပို့ချမည်ဖြစ်သည်။

သင်ကြားပို့ချမည့်သူမှာ Dr. Thaung Han (M.B.,B.S, Dip.B.L, E.M.B.A)(Y.I.E),M.B.A(Purdue, USA), Ph.D Candidate (University of Taxas, EP) က အခြား MBA ဘွဲ့ရလုပ်ငန်းရှင်များနှင့် တွဲဖက်၍ ပို့ချပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၅၃၈၅၃၁ E-mail: bcbcentre@mptmail.com.mm, bcbcentre009@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

ရေစကြို ဩဂုတ် ၈

ရေစကြိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘိုဝင်း၊ အတွင်းရေးမှူး ဦးထွန်းဇော်ဦးနှင့် အဖွဲ့ဝင်များသည် ရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲများကို မြို့နယ်အတွင်း စုရပ်များ သတ်မှတ်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက် နံနက်တွင် ဆင်ချောင်းကျေးရွာ ဓမ္မာရုံ၌ ဆင်ချောင်း၊ ငါးလန်၊ သရက်ပင်ကန် ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(၃၇၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	"မီးလျှံဒါန်းရ ကျိုးဖလ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၆:၅၀	တောင်းဆုအမှန် ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၂)**
၈:၃၅	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ(အပိုင်း-၈) (ထွန်းအိန္ဒြာဗို)
၉:၂၀	ပရအကျိုးတို့သယ်ပိုးစို့
၉:၄၀	Global Panorama
၁၀:၄၀	Activities In The City - ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲ - DH Dance Studio၏ (၁)နှစ်ပြည့်အခမ်းအနား
၁၁:၀၅	International Show Biz
၁၁:၂၀	True Value(Your One Stop Solution Parmer)
၁၁:၄၀	ဆံကေသာ ကျန်းမာသန့်စွမ်း လှပစေရန် ရည်ရွယ်ညွှန်း
၁၂:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Study in Singapore STET Institude)
၁၂:၀၅	ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၁၂:၃၀	မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၁၂:၄၅	ကြည်နူးဖူးမဝသည့်. . . ထူးလှသည့် ဓာတ်တော်တိုက်ဆီ
၁:၀၀	"မီးလျှံဒါန်းရ ကျိုးဖလ" တရားတော်(၂) (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	The Champion of Dance
၃:၂၀	ပရအကျိုးတို့သယ်ပိုးစို့
၃:၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၂)**
၄:၂၀	တေးဂီတအစီအစဉ်
၄:၃၀	ဆံကေသာ ကျန်းမာသန့်စွမ်း လှပစေရန် ရည်ရွယ်ညွှန်း
၄:၄၅	စာအုပ်ပြခန်း(စာရေးဆရာ ဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
၅:၂၀	True Value(Your One Stop Solution Parmer)
၅:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၃၅	အနုပညာမိုးကောင်းကင်
၇:၀၀	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၉)(ဇော်ဝင်းထွဋ်)
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Study in Singapore STET Institude)
၈:၀၀	MRTV-4 သတင်း
၈:၃၀	The Champion of Dance
၉:၀၅	Celebrity Choice (မိုးဟေမာန်ခင်)
၉:၃၀	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၂)**
၁၀:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၀	ရိုးရာအစဉ်အလာ. . . . ယဉ်ကျေးမှုအဖြာဖြာ. . . ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
၁၀:၄၀	Sport World
၁၁:၀၀	အနုပညာမိုးကောင်းကင်
၁၁:၃၀	Celebrity Choice (မိုးဟေမာန်ခင်)
၁၁:၅၀	သတ္တုတူးသောရွာကလေး
၁၂:၀၅	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၂:၁၀	ရဲယိုနှင့်ကျန်းမာရေး
၁၂:၂၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၂:၃၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒီမောဆိုမြို့နယ် ကျေးရွာများ၌ ရွေးကောက်ပွဲဆိုင်ရာများ ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၈

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကားဒီးယို၊ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၇ ရက်တွင် ဒီမောဆိုမြို့နယ် စံပြခြောက်မိုင်ကျေးရွာအုပ်စုနှင့် ငွေတောင်ကျေးရွာအုပ်စုတို့သို့ သွားရောက်၍ မဲစာရင်းကောက်ယူထားမှု၊ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ဖွင့်လှစ်မှုနှင့် မဲရုံနမူနာပုံစံတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာများကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြား အသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဦးသန်းဌေး သာကေတ ကမ်းလွန်အခြေချစခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)၌ စက်စွမ်းအားပြည့် မြှင့်တင်ရေးအတွက် အကြီးစားပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ပစ္စည်းများ ရောက်ရှိမှုနှင့် ပြုပြင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ပြုပြင်ပြီးစီး၍ စက်စမ်းသပ်လည်ပတ်အသုံးပြုနေသော Power Generation Unitနှင့် Control Pannel တို့ကို လည်းကောင်း၊ ရေနံပေါင်းတင်ချက်စက်ရုံ (B) ရှိ Fire Heater နှင့် Control Room တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန် အခြေချစခန်းသို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဆိပ်ကမ်းအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေယာဉ်ဝင်၊ ထွက် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌ အသုံးပြုသည့် ဖိအားမြင့် သဘာဝဓာတ်ငွေ့သုံး စလင်ဒါအိုးများ ဖိအားစမ်းသပ်စစ်ဆေးသော စက်ရုံသို့ရောက်ရှိပြီး စလင်ဒါအိုးများ မျက်မြင် စစ်ဆေးခြင်း၊ ရေဖြင့်ဖိအားမြှင့် စမ်းသပ်ခြင်း၊ ကွန်ပျူတာဖြင့် ယိုစိမ့်မှုရှိ၊ မရှိစစ်ဆေးခြင်း အဆင့်ဆင့် သရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌ အသုံးပြုသည့် ဖိအားမြင့် သဘာဝဓာတ်ငွေ့သုံး စလင်ဒါအိုးများ ဖိအားစမ်းသပ်စစ်ဆေးသည့် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -ဗုဒ္ဓမြတ်စွာသာသနာ အတွက်တစ်ရက်မနား တစ်သက်ကြိုးစားခဲ့သည့် ဆရာတော်
- ၇း၂၅ ၄။ ဓမ္မပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၇)
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၇)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၄)**
- ၂၄။ Mini Series **(အပိုင်း-၃)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

☆ကျောဖုံးမှ

အဆိုပါကောင်စီသည် ဥရောပသမဂ္ဂ၏ အောက်တွင်ရှိပြီး သိပ္ပံသုတေသန လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ပေးသည်။

ကမ္ဘာ့ကုန်းမြေ တိုက်ကြီးများအကြား ကုန်စည်ပို့ဆောင်ရာတွင် လျှပ်စစ်ကားကဲ့သို့ စွမ်းအင်သစ်အသုံးပြုသော ကားများကို အသုံးပြုလာရန် လှုံ့ဆော်သည့် အနေဖြင့် မောင်းသူမဲ့လျှပ်စစ်ကားခရီးစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ အယ်လ်ဘာတို ဘရော်ဂီက ပြောကြားသည်။

ပိုးလမ်းမကြီးအတိုင်း ဖြတ်သန်းမောင်းနှင်နေသော လျှပ်စစ်ကားများပေါ်တွင် ယာဉ်မောင်းမပါရှိပေ။ အဆိုပါကားများကို စက်ရုပ်များက ထိန်းချုပ်ပေးပြီး နေရောင်ခြည်မှရယူသော စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးသည်။

ကမ္ဘာ့သမိုင်းတွင် မောင်းသူမဲ့ လျှပ်စစ်ကားများဖြင့် ကမ္ဘာ့ကုန်းမြေတိုက်ကြီးတစ်တိုက်မှ အခြားတိုက်ကြီးတစ်တိုက်သို့ ကုန်စည်ပို့ဆောင်ခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်သည် ဆို၏။

မောင်းနှင်မည့်လမ်းကြောင်း ရှာဖွေခြင်း၊ လူသွားလမ်း (ပလက်ဖောင်း) တည်ရှိမှုကို ထောက်လှမ်းခြင်း၊ မတ်စောက်သော လမ်းအတိုင်း မောင်းနှင်ခြင်း၊ ဆင်ခြေလျှောလမ်းအတိုင်း သက်ဆင်းခြင်း၊ ခရီးကြမ်းတွင် တွေ့ကြုံရမည့် ချိုင့်ခွက်၊ ခလုတ်တံသင်းများ ရှောင်ရှားခြင်းတို့ကို စက်ရုပ်က ထိန်းချုပ်ပေးသည်။

အီတလီနိုင်ငံ မီလန်မြို့တွင် ၂၀၁၅ ခုနှစ်၌ ကမ္ဘာ့ကုန်စည်ပြပွဲကျင်းပသည့်အခါ ရှန်ဟိုင်းမှ မီလန်မြို့သို့ မောင်းသူမဲ့ လျှပ်စစ်ကား မောင်းနှင်မည့် အစီအစဉ်ကို ထပ်မံ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဘရော်ဂီက ပြောကြားသည်။

အင်တာနက်။

စင်ကာပူနိုင်ငံ BCA Academy ၏ ဝင်ခွင့်စာမေးပွဲ မြန်မာနိုင်ငံတွင် ဖြေဆိုနိုင်

ရန်ကုန် ဩဂုတ် ၈

အင်ဂျင်နီယာပညာရပ်များ သင်ယူလိုသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူ လူငယ်များသည် စင်ကာပူနိုင်ငံ BCA Academy ကျောင်း၌ ပညာသင်ယူနိုင်ရန်အတွက် ဝင်ခွင့်စာမေးပွဲကို အလွယ်တကူဖြေဆိုနိုင်ရန် Future Way Education & Services မှ စီစဉ်ပေးလျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးလောကတွင် အရေးပါဆုံးသော BCA အဖွဲ့အစည်းကြီး၏ BCA Academy ကျောင်းသည် စင်ကာပူအစိုးရကျောင်းဖြစ်ခြင်း၊ စာတွေ့လက်တွေ့ကို သင်ထောက်ကူပစ္စည်း အပြည့်အစုံဖြင့် သင်ယူနိုင်ခြင်း၊ ခေတ်မီပြည့်စုံသည့် ကျောင်းခန်းအတွင်း စိတ်အေးချမ်းပျော်ရွှင်စွာပညာသင်နိုင်ခြင်း၊ ထူးချွန်သူတို့အတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ဆုများရှိခြင်းတို့ကြောင့် ခိုင်မာရေရာမှုရှိသည့် ကျောင်းဖြစ်ကြောင်း၊ ထိုကျောင်းတွင် ပညာသင်နိုင်ရန် Future Way Education & Services မှ ကျောင်းအပ်နှံပေးခြင်းသာမက တက်ရောက်မည့် ဒီပလိုမာများအလိုက် သက်ဆိုင်ရာ ဘာသာရပ်ဝင်ခွင့်စာမေးပွဲကို အခက်အခဲမရှိ လွယ်လွယ်ကူကူဖြေဆိုနိုင်ရန် သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်သည့်ဆရာ ဆရာမများဖြင့် ကြိုတင်သင်ကြားပေးပြီး မေးခွန်းဟောင်းများဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုကျောင်းတွင် သင်ယူနိုင်မည့် ဒီပလိုမာ သင်တန်းများမှာ Construction Engineering, Diploma in Design, Mechanical Engineering (Green Building Technology), Strategic Facilities Management, Electrical Engineering and Clean Energy နှင့် Computer ကို စိတ်ဝင်စားသူများအတွက် Building Information Engineering ဆိုသည့် သင်တန်းများ ဖြစ်သည်။

BCA Academy ကျောင်းတွင် ပညာသင်ရခြင်း၏ အားသာချက်များ၊ သင်ယူနိုင်သော ဘာသာရပ်များနှင့် အလားအလာကောင်းများကို ရှင်းလင်းဆွေးနွေးပေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ Future Way Education & Services ၌ ကျင်းပသွားရန်ရှိပြီး တက်ရောက်လိုသူများအနေဖြင့်ဖုန်း (သို့)လူကိုယ်တိုင် ကြိုတင်ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း၊ ထိုပွဲတက်ရောက်သူများသည် မေးခွန်းဟောင်း နှစ်စုံနှင့် စာမေးပွဲဖြေဆိုရန်အကြံပြုင် ဆင်မှုသင်တန်းကို Future Way Education & Services တွင် Discount ဖြင့် တက်ရောက်နိုင်မည့် အခွင့်အရေးများ ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရမည့် လိပ်စာမှာ အမှတ် (၉) အခန်း(၆-အေ) ယောမင်းကြီးလမ်း သွယ် သမ္မတကွန်ဒို ဖုန်း-၂၄၁၀၉၉ နှင့်၂၅၄၁၈၅ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မသန်စွမ်းသူများ တွေ့ဆုံဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၂၉ ရက်က ရန်ကုန်တိုင်းကွမ်းခြံကုန်းမြို့နယ် စံပြရပ်ကွက် (၉) လမ်းရှိ ဝိဇယမင်္ဂလာကျောင်းတိုက်တွင် မသန်စွမ်းသူများနှင့် တွေ့ဆုံ၍ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး ဟောပြောပြီး **(အောက်ပုံ)** ဆေးကုသရန်လိုအပ်သော မသန်စွမ်းလေးဦးကို ဆေးကုသရန် စီစဉ်ပေးကာ တွံတေးမြို့နယ်ရှိ မသန်စွမ်းသူများအား သွားရောက်တွေ့ဆုံနှစ်သိမ့်ဆွေးနွေးခဲ့သည်။

အလားတူ အတွင်းရေးမှူး ဦးငွေရ ဦးဆောင်သော မသန်စွမ်းအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့ဖြစ်သော တက်လမ်းအဖွဲ့ထံ သွားရောက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ပရီမီယာလိဂ်ရာသီအကြိုကွန်မြူနတီဒိုင်း မန်ယူဆွတ်ခူး

ဝင်းတင်(ကြေးမုံ)

လန်ဒန် ဩဂုတ် ၈

အင်္ဂလန်၏ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအကြိုကွန်မြူနတီဒိုင်းပွဲကို ယနေ့ညဝင်ဘလေကွင်းမှာ ချယ်လ်ဆီးနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရသွားပါတယ်။

ပါဝင်ကစား

နှစ်သင်းလုံးဟာ ဂုဏ်သိက္ခာအတွက် အဓိကထားယှဉ်ပြိုင်သလို ရာသီအဖွင့်မှာ ရလဒ်ကောင်းပြီး စိတ်ဓာတ်ခွန်အားမြှင့်တင်နိုင်ရေးအတွက် လူစုံထုတ်ပြီး အနိုင်ရအောင် ကြိုးစားခဲ့ကြပါတယ်။ ချယ်လ်ဆီးမှာ အဓိကကစားသမားတွေဖြစ်တဲ့ ဂျွန်တယ်ရီ၊ အက်ရှ်လေကိုး၊ ဖာရဲရား၊ အီဗန်နိုဗစ်၊ လမ်းပတ်၊ အက်ဆီယန်၊ မီခေးလ်၊ မာလူဒါ၊ ကာလူးနဲ့ အနက်လ်ကာတို့ ပါဝင်ခဲ့ပြီး ဂိုးသမားနေရာမှာ ဟီလာရီယိုပါဝင်ကစားခဲ့ပါတယ်။ မန်ယူအသင်းမှာတော့ ဗန်ဒါဆား၊ ဗီဒစ်၊ အီဗန်စ်၊ အိုရှီးယား၊ ဖေဗီယို၊ ပက်ဂျီဆန်၊ ပေါလ်စခိုး၊ ဗလင်စီယာ၊ မိုက်ကယ်ကာရစ်၊ မိုက်ကယ်အိုဝင်နဲ့ ဝိန်းရွန်နေးစတဲ့ အမာခံကစားသမားတွေ ပါဝင်ခဲ့ပါတယ်။

ဦးဆောင်ဂိုး

နှစ်သင်းလုံးက အဓိကကစားသမားတွေနဲ့ ပွဲထွက်လာခဲ့တာကြောင့် ပွဲက အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ ၅ မိနစ်၊ ၉ မိနစ်နဲ့ ၁၈ မိနစ်တို့မှာ မန်ယူက ဗလင်စီယာ၊ ပေါလ်စခိုးနဲ့ ဝိန်းရွန်နေးတို့ ကန်ခွင့်ရခဲ့ပေမယ့် ဂိုးရယူနိုင်ခြင်းမရှိခဲ့သလို ၁၀ မိနစ်မှာ ချယ်လ်ဆီးက အနယ်လ်ကာရဲ့ကန်ချက်၊ ၁၆ မိနစ်မှာ အီဗန်နိုဗစ်ရဲ့ ခေါင်းတိုက်ချက်တွေကို မန်ယူဂိုးသမား ဗန်ဒါဆား အကောင်းဆုံးကာကွယ်နိုင်ခဲ့ပါတယ်။ ပထမပိုင်းပြီးခါနီး ၄၁ မိနစ်မှာ မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေး ညာခြမ်းကနေ ဂိုးရှေ့ချပေးတာကို ဗလင်စီယာက လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းပြီး မန်ယူအတွက် ဦးဆောင်ဂိုးရယူနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာ မန်ယူအတွက်ဂိုးများကို ပွဲချိန် ၇၆ မိနစ်မှာ ဟာနန်ဒက်ဇ်နဲ့ မိနစ် ၉၀ မှာ ဘာဘာတော့ဗ်တို့က သွင်းယူခဲ့ပြီး ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော ဂိုးကို ၈၃ မိနစ်မှာ ကာလူးက သွင်းယူခဲ့ပါတယ်။

မန်ယူအသင်းအား ကွန်မြူနတီဒိုင်းဆုနှင့်အတူ တွေ့ရစဉ်။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ဆိပ်ကမ်းသာ
Computer Expo 2010
(Date) 14.8.2010 - 15.8.2010 (Time) 9:30am - 6:00pm (Location) Strand Hotel
ကွန်ပျူတာဈေးရောင်းပွဲတော်သို့ လာရောက်ကြည့်ရှုလေ့လာရုံဖြင့် အထူးလက်ဆောင်များရရှိနိုင်မည့် အခွင့်အရေး

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊
အိမ်အမှတ်(၇၈၃)၊ ပထမထပ်နေ
ဦးအေးသန်း-ဒေါ်ကျင်ရွှေတို့၏သားလတ်၊ ဦးဆန်းထွန်းဦး-ဒေါ်စမ်းစမ်းဝင်း၊
ဦးထွန်းထွန်း-ဒေါ်စန်းစန်းအေးတို့၏မောင်၊ ကိုထွန်းဇော်၏ညီ၊ မောင်ထက်ကိုကို၏အစ်ကို

မောင်ညွန့်ဝင်း

B.A(History)MARINE ENGINEER
(CORETECH RESOURCES PTE-LTD) Singapore

နှင့်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၅)ရပ်ကွက်၊
မနော်ဟရီလမ်း၊ အမှတ်(၄၆၁)နေ
(ဦးစိုးသိန်း)-ဒေါ်မြသွယ်တို့၏သမီးလတ်၊ ဦးမြတ်ကိုကို-ဒေါ်ကေသွယ်စိုးတို့၏ညီမ၊
မသူဇာသိန်း၏အစ်မ

မမာမာပြုံး

B.Sc(Zoology) OPTICIAN
(PEKING DEPARTMENTAL & OPTICAL STORE PTE-LTD)Singapore

တို့သည် ၅-၈-၂၀၁၀ ရက်တွင် စင်ကာပူနိုင်ငံ R.O.M (Registry of Marriages) ၌ နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုအရ တရားသူကြီးများ၏ရှေ့မှောက်တွင် တရားဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာအစီအစဉ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ချစ်သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းနှင့် လုပ်ဖော်ကိုင်ဖက်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ညွန့်ဝင်း-မမာမာပြုံး

WORLD WIDE
English Conversation Class

အင်္ဂလိပ်စကားပြောကို **"အမှန်တကယ်ပြောဆို လေ့ကျင့်လိုသူများအတွက်"** သင်တန်း International School မှ ဆရာများ၊ Tourist Guide များမှ ပြောဆိုသင်ကြားပေးပါမည်။
သင်တန်းကြေး-၁၅၀၀၀(၂-လ)၊ လစဉ်တန်းခွဲသစ်များရှိသည်။ (Enroll Now)
အမှတ်(9-B)အခန်း(2-A)၊ (ဦးထွန်းလင်းခြံလမ်းအဆုံး)၊ Zaw Construction လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၆၁ ၅၁၂၂၊ ၀၁-၆၈၂၂၀၃

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းထူးနှင့် ဒေါ်မြင့်မြင့်အေးတို့၏ (၂၅) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်၊ ဆေး ပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်၊ ရေလှောင်ကန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ ၅၀၄၀၇၉
(Open 6:00 am to 9:00 pm) **ပိတ်ရက်မရှိပါ။**
http://www.acmnursing training.com

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်း၊ ပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်း အောင်လက်မှတ် ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင်(၂၀)ယောက်သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ့" ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၃၀၀) ၁၆-၈-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၃၀၁) ၁၈-၈-၂၀၁၀ စမည်။ (တနင်္လာနှင့်အင်္ဂါ နားရက်)
အပတ်စဉ်(၁၃၀၂) ၂၀-၈-၂၀၁၀ စမည်။ (ဗုဒ္ဓဟူးနှင့်ကြာသပတေး နားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ်(၁၃၀၃) ၁၇-၈-၂၀၁၀ စမည်။ (အင်္ဂါနှင့်ဗုဒ္ဓဟူး သင်)
အပတ်စဉ်(၁၃၀၄) ၁၉-၈-၂၀၁၀ စမည်။ (ကြာသပတေးနှင့်သောကြာ သင်)
အပတ်စဉ်(၁၃၀၅) ၂၁-၈-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ သင်)

အထက်ဖော်ပြပါလပြတ်သင်တန်းများအတွက် အချိန်ဇယား
(နှစ်သက်သည့်အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	6:30 am to 8:30 am
နံနက်ပိုင်း	(II)	9:30 am to 11:30 am
မွန်းလွဲပိုင်း	(III)	1:30 pm to 3:30 pm
ညနေပိုင်း	(IV)	4:30 pm to 6:30 pm
ညနေပိုင်း	(V)	5:30 pm to 7:30 pm

နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်း
သုံးလအထူးသင်တန်းများ(တစ်ပတ်ခြောက်ရက်သင်)

အပတ်စဉ်(၁၃၀၆) ၁၆-၈-၂၀၁၀ စမည်။ (တနင်္ဂနွေ တစ်ရက်နား)
အပတ်စဉ်(၁၃၀၇) ၁၈-၈-၂၀၁၀ စမည်။ (အင်္ဂါ တစ်ရက်နား)
အပတ်စဉ်(၁၃၀၈) ၂၀-၈-၂၀၁၀ စမည်။ (ကြာသပတေး တစ်ရက်နား)
9:30 am to 3:30 pm

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။

ပထမအကျော့မပြီးမီ ရာသီဝက်ချန်ပီယံဖြစ်သွားသည့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဩဂုတ် ၈

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၀) ကို ယနေ့ညနေ ၄ နာရီက ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

(ပဒုမ္မာကွင်း)

ရန်ကုန်ယူနိုက်တက် - **နှစ်ဂိုး**
(ဇင်မင်းဦးနှင့် ကောင်းစည်သူ)
Southern Myanmar - **ဂိုးမရှိ**

ရာသီဝက်ချန်ပီယံ

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ Southern Myanmar အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ပထမအကျော့ပွဲစဉ်များမပြီးဆုံးမီမှာပင် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်သွားနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာ ပွဲကုန် ၁၀ပွဲ ကစားအပြီးတွင် ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရှုံးပွဲမရှိ၊ ရမှတ် ၂၆ မှတ်ဖြင့် ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဖွင့်ဂိုးစသွင်း

လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းမှာ ပထမအကျော့တွင် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရန်အတွက် ပွဲစကတည်းက အားထည့် ကစားသွားခဲ့သည်။ နောက်ဆုံးပွဲတွင် ဥဿာယူနိုက်တက်ကို သရေကျခဲ့၍ ရန်ကုန်အသင်း အားပိုထည့်ကစားခဲ့ပြီး နိုင်ပွဲဆက်နေသည့် Southern Myanmar အသင်းကလည်း နိုင်ပွဲဆက်ရေး ကြိုးပမ်းခဲ့ရာ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ၃၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဇေယျာလင်း ခေါင်းတိုက်သွင်းရာ ဘားထိထွက်သွား၍ Southern Myanmar အသင်းနစ်နာခဲ့ရပြီး ၄၁ မိနစ်တွင် ဇင်မင်းဦးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။

တိုက်စစ်အားတင်ကစား

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းမှာ အနိုင်ရရှိရေးအတွက် တိုက်စစ်အားတင်ကစားသွားခဲ့သည်။ အထူးသဖြင့် လွင်ကိုနိုင်က အတိုး အလှူပ်များဖြင့် Southern Myanmar ဘက်ကို တိုက်စစ်ဆင်ခဲ့ပြီး ၅၅ မိနစ်တွင် ကောင်းစည်သူက ရန်ကုန်အတွက် ဒုတိယဂိုးကို သွင်းယူသွားသည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားပြီး ရှုံးပွဲမရှိစံချိန်တင်ကာ အမှတ်ပေးဇယားကို ဦးဆောင်သွားခဲ့သည်။

(စလင်းကွင်း)

ဥဿာယူနိုက်တက်- **တစ်ဂိုး**
(ထွန်းမင်းဦး)
Delta United - **ဂိုးမရှိ**

ယနေ့ပွဲ

(စလင်းကွင်း)

ရတနာပုံ - **မနောမြေ**

(ပဒုမ္မာကွင်း)

ဇွဲကပင်ယူနိုက်တက် - **ဇေယျာရွှေမြေ**

(ကြေးမုံ)

ရန်ကုန်ယူနိုက်တက်အသင်းမှ လွင်ကိုနိုင်၏ ထိုးဖောက်မှုကို Southern Myanmar နောက်ခံလူများ တားဆီးနေစဉ်။ (ကြေးမုံ)

ပတ်ဝန်းကျင်သန့်ရှင်းရေး ကွင်းဆင်းစစ်ဆေး

ကန်ပက်လက် ဩဂုတ် ၈

ဇူလိုင် ၂၈ ရက်က ကန်ပက်လက်မြို့ပေါ် (၂)ရပ်ကွက်ရှိ နေအိမ်လမ်းဘေး ဝဲ၊ ယာတွင် သစ်ပင်စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အမှိုက်ကျင်းများတူးဖော်ရေး၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေး၊ မြို့ရေပေးရေးနှင့် ရေဘားတပ်ဆင်၍ စနစ်တကျ သုံးစွဲရေးတို့ကို အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် အား/ကာ ဦးစီးအရာရှိ ဦးနိုင်းမန်တို့ ဆောင်ရွက်ကြပြီး ကျန်းမာရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

YMBA အသင်း ပြင်ဦးလွင်မြို့၌ ဆက်စပ်ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌဦးတင်ဝင်း (မင်္ဂလဓမ္မဇောတိကဓဇ)နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်သန်း (မင်္ဂလဓမ္မဇောတိကဓဇ)တို့ ဦးဆောင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီက ပြင်ဦးလွင်မြို့၌ မြို့နယ်ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌ ဦးလှငြိမ်းနှင့် အဖွဲ့ဝင်များအားတွေ့ဆုံကာ အသင်းအချင်းချင်း ဆက်စပ်ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ဖိတ်ကြားရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြကြောင်းသိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းလျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင်အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** — အမှတ်(၇)တည်းခိုရေးစခန်း ရွာတော်၊
(ခ) **မြစ်ကြီးနားမြို့** — တပ်နယ်ခန်းမ၊
(ဂ) **လားရှိုးမြို့** — တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ) **ကျိုင်းတုံမြို့** — တိုင်းစစ်ဌာနချုပ်ခန်းမ၊
(င) **တောင်ကြီးမြို့** — သံလွင်ခန်းမ၊
(စ) **မော်လမြိုင်မြို့** — ရွှေနတ်တောင်၊ တပ်မတော်အထက၊
(ဆ) **မြိတ်မြို့** — တိုင်းစစ်ဌာနချုပ်၊ တိုင်းရင်းဆောင်အားကစားခန်းမ၊
(ဇ) **အမ်းမြို့** — တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဈ) **မုံရွာမြို့** — အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊
(ည) **ရန်ကုန်မြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၃၀၀) အထိ - အထက(၂) မင်္ဂလာဒုံ၊
  - (ခခ) ခုံအမှတ်(၁၃၀၁) မှ (၂၆၀၀) အထိ - ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း၊
  - (ဂဂ) ခုံအမှတ်(၂၆၀၁) မှ နောက်ဆုံး - အထက(၄) မင်္ဂလာဒုံ၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - အထက(၂) မင်္ဂလာဒုံ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၃၀၀) အထိ - အထက(၂) မင်္ဂလာဒုံ၊
  - (ခခ) ခုံအမှတ်(၁၃၀၁) မှ (၂၆၀၀) အထိ - ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း၊
  - (ဂဂ) ခုံအမှတ်(၂၆၀၁) မှ နောက်ဆုံး - အထက(၄) မင်္ဂလာဒုံ၊

(ဋ) **ပုသိမ်မြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၂၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
  - (ခခ) ခုံအမှတ်(၂၀၁) မှ နောက်ဆုံး - တပ်နယ်အားကစားရုံ၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၂၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
  - (ခခ) ခုံအမှတ်(၂၀၁) မှ နောက်ဆုံး - တပ်နယ်အားကစားရုံ၊

(ဌ) **မန္တလေးမြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၄၀၀) အထိ - အထက(၁၈) နန်းတွင်း၊
  - (ခခ) ခုံအမှတ်(၁၄၀၁) မှ (၁၉၃၀) အထိ - အမက(၆) နန်းတွင်း၊
  - (ဂဂ) ခုံအမှတ်(၁၉၃၁) မှ နောက်ဆုံး - အမက(၅) နန်းတွင်း၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - အထက(၁၈) နန်းတွင်း၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၄၀၀) အထိ - အထက(၁၈) နန်းတွင်း၊
  - (ခခ) ခုံအမှတ်(၁၄၀၁) မှ (၁၉၃၀) အထိ - အမက(၆) နန်းတွင်း၊
  - (ဂဂ) ခုံအမှတ်(၁၉၃၁) မှ နောက်ဆုံး - အမက(၅) နန်းတွင်း၊

(ဍ) **တောင်ငူမြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၃၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊
  - (ခခ) ခုံအမှတ်(၃၀၁) မှ နောက်ဆုံး - တစသ(၁၀)၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၃၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊
  - (ခခ) ခုံအမှတ်(၃၀၁) မှ နောက်ဆုံး - တစသ(၁၀)၊

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန်အတည်ပြုပြီးဖြစ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာတင်ပို့ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင်တာနက်နည်းပညာသတင်း

မီလန်-ရှန်ဟိုင်း ကီလိုမီတာ ၁၃၀၀၀ ခရီးရှည် မောင်းသူမဲ့ လျှပ်စစ်ကားနှစ်စီး စတင်ထွက်ခွာ

ရှန်ဟိုင်း ဩဂုတ် ၈

မောင်းသူမဲ့ လျှပ်စစ်ကားနှစ်စီးသည် အီတလီနိုင်ငံ မီလန်မြို့မှ ၂၀၁၀ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပလျက်ရှိသော တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အထိ ပိုးလမ်းမကြီးအတိုင်း ကီလိုမီတာ ၁၃၀၀၀ အထိ မောင်းနှင်မည့်ခရီးစဉ်ကို စတင်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံတွင် ထုတ်ဝေသည့် ပြည်သူ့နေ့စဉ်သတင်းစာ၏ ဩဂုတ် ၅ ရက် အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မောင်းသူမဲ့ လျှပ်စစ်ကားများကို အီတလီနိုင်ငံ ပါးမားတက္ကသိုလ်ရှိ သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့ကြသည်။

မောင်းသူမဲ့ လျှပ်စစ်ကားခရီးစဉ်ကို ဇူလိုင် ၂၆ ရက်တွင် စတင်ခဲ့ပြီး ခရီးဆုံးပန်းတိုင် ရှန်ဟိုင်းမြို့သို့ အောက်တိုဘာ ၂၈ ရက် ဝန်းကျင်တွင် ရောက်ရှိမည်ဟု မျှော်လင့်ရသည်။ အဆိုပါကားများသည် မေ ၁ ရက်မှစ၍ ခြောက်လကြာ ကျင်းပလျက်ရှိသော ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲပြီးဆုံးရန် ရက်အနည်းငယ်အလိုတွင် ယင်းမြို့သို့ ရောက်ရှိရန် စီစဉ်ထားသည်။

မောင်းသူမဲ့လျှပ်စစ်ကားစီမံကိန်းအတွက် ရန်ပုံငွေထောက်ပံ့ပေးသည့် အဖွဲ့အစည်းမှာ ဥရောပသုတေသနကောင်စီ ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘာသာပြန် - တက်လူ

မောင်းသူမဲ့ လျှပ်စစ်ကား

ပိုးလမ်းမကြီးအတိုင်း ကီလိုမီတာ ၁၃၀၀၀ အထိ မောင်းနှင်လျက်ရှိသော မောင်းသူမဲ့ လျှပ်စစ်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

➤ **အဆင်အပြင် - ဖြိုးစန္ဒာမြင့်** ➤

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောင်းပါးအညွှန်း

မောင်အာဆီယံ၏ "အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် မြန်မာနိုင်ငံ" (ဆောင်းပါး) စာမျက်နှာ - ၆ တွင် ဖတ်ရှုနိုင်ပါသည်။